**ငြိမ်းချမ်းရေးဖြစ်စဉ်ရက်စွဲစဉ်မှတ်တမ်း**
**အတွဲ(၂)၊ အမှတ်(၁၀)၊ ဇွန် ၂၀၁၈**

ယခုရက်စွဲမှတ်တမ်းပါ အချက်အလက်များသည် မြန်မာ့အရေး လေ့လာသူများအဖွဲ့၏ ၂၀၁၈ ခုနှစ်၊ မေလ ၂၉ ရက်မှ ဇွန်လ ၁၃ ရက်နေ့အတွင်း ဖြစ်ပွားခဲ့သော လက်နက်ကိုင်ပဋိပက္ခများ၊ ဆွေးနွေးမှုများနှင့် တခြားသော ဆက်စပ်သတင်း များအား မီဒီယာများမှတဆင့် မှတ်တမ်းတင်ထားသော ရက်အလိုက် ငြိမ်းချမ်းရေးသတင်း စုစည်းချက်များ ဖြစ်ပါသည်။ ထို့ကြောင့် ရက်စွဲမှတ်တမ်းပါအချက်များသည် မြန်မာ့အရေးလေ့လာသူများ၏ အမြင်နှင့် အာဘော်မဟုတ်ဘဲ ငြိမ်းချမ်းရေးနှင့် ပတ်သက်သော မီဒီယာဖော်ပြချက်များအား စုစည်းပေးထားခြင်းသာဖြစ်ပါသည်။ မြန်မာ့အရေးလေ့လာသူများအဖွဲ့မှ ထုတ်ဝေလျက်ရှိသော ငြိမ်းချမ်းရေး ရက်စွဲစဉ်မှတ်တမ်းများအား ပိုမိုကောင်းမွန်စေရန်အတွက် အကြံပြုချက်များပေးပါရန် အကူအညီ တောင်းခံအပ်ပြီး၊ အကြံပြုချက်များပေးပို့လိုပါက bcmg.burma.org@gmail.com နှင့် ဖုန်း - 09-796636737 တို့ကို ဆက်သွယ်နိုင်ပါသည်။

မြန်မာ့အရေးလေ့လာသူများအဖွဲ့

## လက်နက်ကိုင်ပဋိပက္ခ

### ကချင်

ဇွန်လ ၅ ရက်နေ့တွင် ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) တပ်မဟာ ၁၀ နယ်မြေ ဘန်နွယ်၊ မန်ပင်းဒေသ Hpak Gum ရွာအနီး လယ်တော၌ တပ်ရင်း (၂) တပ်ဖွဲ့များ ထမင်းချက်စားနေခဲ့စဉ် အတော အတွင်း မြန်မာတပ်မတော်၏ တိုက်ခိုက်မှုကြောင့် ၂ ဦးသေ၊ ၃ ဦး ထိခိုက်ခဲ့သည်။ (KachinNew)

### ရှမ်း

ဇွန်လ ၄ ရက်နေ့ နံနက်ပိုင်း ၁၁ နာရီမှ နေလည်ပိုင်း ၂ နာရီ ၂၀ မိနစ် အချိန်ထိ ရှမ်းပြည်နယ် မြောက်ပိုင်း တအန်း နယ် တပ်မဟာ ၁ နယ်မြေ နမ္မတူမြို့နယ် မန်အိုင်ကျေးရွာ အထက်၌ တအန်း အမျိုးသား လွတ်မြောက်ရေးတပ်မတော် (TNLA) နှင့် မြန်မာ့တပ်မတော်တို့ တိုက်ပွဲဖြစ်ပွားခဲ့သည်။ (TNLA)

## ငြိမ်းချမ်းရေးဖြစ်စဉ်ရက်စွဲစဉ်မှတ်တမ်း
## အတွဲ(၂)၊ အမှတ်(၁၀)၊ ဇွန် ၂၀၁၈

ဇွန်လ ၇ ရက်နေ့တွင် ရှမ်းပြည်နယ် တအန်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA) တပ်မဟာ ၁ နယ်မြေ နမ္မတူမြို့နယ် မန်အိုင်ကျေးရွာ အထက်တွင် TNLA နှင့် မြန်မာတပ်မတော်တို့ နံနက်ပိုင်း ၀၉း၁၅ နာရီမှ ၁၃း၃၀နာရီထိတိုက်ပွဲ ဖြစ်ပွားခဲ့သည်။ (TNLA)

## အခြား

မေလ ၃၀ ရက်နေ့တွင် မိုးထွင့်လိုင် ဦးဆောင်သည့် ကျောက်မဲမြို့အခြေစိုက် အစိုးရတပ်မတော် ခြေမြန်တပ်ရင်း အမှတ် (၅၀၁) တပ်ရင်းမှတဆင့် နောင်ချိုမြို့နယ်အတွင်းရှိ ဆမ္မဆယ်ကျေးရွာ၊ ဟိုခိုကျေးရွာ၊ မန်ကတ်လတ်ကွဲကျေးရွာ၊ ဆံဖို ကျေးရွာဒေသခံများအား တပ်မတော် လက်အောက်ခံ ပြည်သူ့စစ် အဖွဲ့ဖွဲ့စည်းရန်အတွက် တပ်အခြေစိုက်ရာ ကျောက်မဲမြို့နယ်အထိ အစည်းအဝေးဆင့်ခေါ်ခဲ့ကြောင်း TaiFreedomသတင်းဌာနတွင် ဖော်ပြခဲ့သည်။ (TaiFreedom)

ကချင်ပြည်နယ် အနောက်ဘက်နှင့်မြောက်ဘက်၌ စစ်ဆင်ရေးကြီးရပ်နေချိန် တရုတ်ပြည်နယ်စပ်အနီး ကချင် လွတ်မြောက်ရေး အဖွဲ့ (KIO) ဗဟိုဌာနချုပ်များဖြစ်သော Laiza (လိုင်ဇာမြို့)၊ Mai Ja Yang (မိုင်ဂျာယန်မြို့)၊ Laisin Bum (လိုင်စင်ဘွမ်)၊ Hpalap Bum (ဖလပ်ဘွမ်)ဒေသများသို့ မြန်မာတပ်မတော်မှ အင်အား ဖြည့်တင်းနေကြောင်း လိုင်ဇာ KIO ပြန်ကြား ရေး တာဝန်ရှိသူ ဒုဗိုလ်မှူးကြီး Nhpang Naw Bu မှပြောသည်။ ထို့အပြင် မြစ်ကြီးနား-ဗန်မော် လမ်းတစ်လျှောက်ရှိ Gara Yang၊ Gangdau Yang၊ Namsan Yang၊ Hkaya Bum၊ Laja Yang၊ Dawhpum Yang နှင့် N'mawk (မိုးမောက်) ကနေ Sinlum Bum (စိန်လုံ)၊ Yaw Yungဒေသများသို့လည်း အင်အားဖြည့်တင်းနေကြောင်း ဒုဗိုလ်မှူးကြီး Nhpang Naw Bu မှ ဇွန်လ ၄ ရက်နေ့တွင် ပြောခဲ့သည်။ (KachinNew)

ရှမ်းပြည်မြောက်ပိုင်းရှိ SSA အသွင်ပြောင်း စိန်ကျော့ ရှမ်းပြည်သူ့စစ်အဖွဲ့ကို ဇွန်လ ၁၅ ရက်နေ့ နောက်ဆုံးထားပြီး ရန်ပုံငွေအခွန် ပေးဆောင်ရန် တအန်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA) မှ စာပေးပို့တောင်းဆိုခဲ့သည်ဟု TNLA ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူး မိုင်းအိုက်ကျော်မှ ပြောခဲ့သည်။ (Mizzima)

## စစ်ဘေးရှောင်

## ကချင်

ဇွန်လ ၂ ရက်နေ့တွင် ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) နှင့်မြန်မာ့တပ်မတော်တို့ တိုက်ပွဲများကြောင့် ထွက်ပြေးခဲ့ရသည့် ကချင်ပြည်နယ် အင်ဂျန်းယန်မြို့နယ် ၁၆မိုင်နှင့် ကွေထော်ရွာကြားမှ စစ်ဘေးဒုက္ခသည် ၁၀၀၀ ကျော်ခန့်သည် နေရပ်မပြန်ရဲဘဲ တိုက်ပွဲများ ထပ်ဖြစ်မည်ကို စိုးရိမ်သဖြင့် မြစ်ကြီးနားမြို့ တန်ဖရဲနှင့် ရွှေနဒီကျောင်း များ၌ ခိုလှုံခဲ့ရသည် ဟု မြစ်ကြီးနားခရိုင် အုပ်ချုပ်ရေးမှူး ဦးခေါင်လဒီးမှပြောခဲ့သည်။ (RFA)

## ကရင်

ဇွန်လ ၉ ရက်နေ့တွင် ကရင်ပြည်နယ် ဖာပွန် ခရိုင်အတွင်း မြန်မာတပ်မတော်နှင့် ကရင်အမျိုးသားအစည်းအရုံး KNU တို့ စစ်ရေးတင်းမာမှုကြောင့် ထွက်ပြေးတိမ်းရှောင်ခဲ့သည့် ဒေသခံများအနက် လူ ၁၀၀၀ ခန့် နေရပ်သို့ ပြန်ရောက်လာပြီ ဖြစ်ကြောင်း ဖာပွန်ခရိုင် အရေးပေါ်ကူညီထောက်ပံ့ရေးအဖွဲ့ (MEAT) တာဝန်ရှိသူ ပဒိုမန်းမန်းမှ ပြောခဲ့သည်။ (7Day)

ဇွန်လ ၁၂ ရက်နေ့တွင် ကရင်ပြည်နယ်၊ လှိုင်းဘွဲမြို့နယ် မြိုင်ကြီးငူ စစ်ဘေးရှောင်စခန်းရှိ ကျောင်းသားဦးရေ ၄၀၀ ကျော် မှီခိုနေရသည့် စာသင်ကျောင်းနှစ်ခုတွင် ကျောင်းဆရာ/ဆရာမ အခက်အခဲကြောင့် စာသင်ကြားမှု ရပ်ဆိုင်းထားရ ကြောင်း အေးလင်းမြရှင် စစ်ရှောင်စခန်း အတွင်းရေးမှူး စောအောင်မင်းထွန်းမှ ပြောခဲ့သည်။ **"ပထမဆုံးပြောတာကတော့ ခုံမရှိဘူးဆိုတော့ တစ်ယောက် ၅၀၀ ၊ ၁,၀၀၀ (ကျပ်)စီစုပြီး ခုံရိုက်ပေးလိုက် သေးတယ်။ နောက်တော့ ရွာထဲကို လိုက်သွား၊ သွားသင်ပေးမယ်ဆိုပြီး သူတို့နောက်ကို မလိုက်လို့ ဆရာမ တွေက လာလည်း မလာတော့ဘူး။ သင်လည်း မသင်တော့ဘူး ပျောက်သွားတာပဲ။ စာမသင်ရတာ တစ် ပတ်ကျော်ပြီ။"** ဟု စောအောင်မင်းထွန်းမှ ပြောခဲ့သည်။ (KIC)

## ချင်း

မြန်မာ့တပ်မတော်နှင့် ရက္ခိုင့်တပ်မတော် (ULA/AA) တို့အကြားတိုက်ပွဲကြောင့် မေလကုန်ပိုင်းမှ ချင်းပြည်နယ် ပလက်ဝ မြို့နယ်အတွင်း နေထိုင်ကြသည့် ချင်းလူမျိုး ၄၈ ဦးသည် အိန္ဒိယ-မြန်မာနယ်စပ် မီဇိုရမ်ပြည်နယ် ဆိုင်းဟားမြို့နယ်ရှိ Laki ကျေးရွာသို့ ထွက်ပြေးတိမ်ရှောင်ခဲ့ကြောင်း မီဇိုရမ် နေ့စဉ်ထုတ်သတင်းစာ The Aizawl Post တွင် ဖော်ပြခဲ့သည်။ (Khonumthung)

## အခြား

ဇွန်လ ၂ ရက်နေ့ နံနက် ၉ နာရီတွင် နေပြည်တော် မင်္ဂလာသီရိ ဟိုတယ်၌ အကြောင်း အမျိုးမျိုးကြောင့် ဖွင့် လှစ်ထား ရသည့် ရွှေ့ပြောင်းဒုက္ခသည်စခန်း (IDP) ပိတ်သိမ်းနိုင်ရန် မဟာဗျူဟာစီမံချက် ရေးဆွဲနိုင်ရေး အလုပ်ရုံ ဆွေးနွေးပွဲ ပြုလုပ်ခဲ့သည်။ ဆွေးနွေးပွဲသို့ အစိုးရဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။ ဆွေးနွေးအပွဲအပြီး သတင်းစာရှင်းလင်းပွဲတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေး နှင့်ပြန်လည် နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးမှ **"IDP စခန်းဆိုတာ အဓိက ပြည်တွင်း နေရပ် စွန့်ခွာသူတွေနေတဲ့ ဒုက္ခသည် စခန်းတွေ ဖြစ်ပါတယ်၊ ပြည်တွင်း နေရပ်စွန့်ခွာ သူတွေက ပြည်နယ်လေးခုမှာ ရှိတယ်၊ နှစ်ချက်ရှိပါတယ်၊ တစ်ချက်ကတော့ တိုက်ပွဲတွေကြောင့် မငြိမ်းချမ်းလို့ နေရပ် စွန့်ခွာ ပြီးတော့ စခန်းတွေမှာ ရောက်နေတာရှိတယ်၊ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်တွေမှာရှိတယ်၊ နောက်တစ် ချက်က ရခိုင်မှာ ကတော့ ပြည်တွင်းနေရပ် စွန့်ခွာသူတွေရှိတယ်၊ သူတို့ကတော့ ပဋိပက္ခတွေ ကြောင့်ပေါ့၊ ဒါတွေကို ပိတ်သိမ်းဖို့ အရင်အစိုးရလက်ထက်တုန်းကလည်း ကြိုးစားခဲ့တယ်၊ ကျွန်တော်တို့အစိုးရစတက်တက်ချင်း ဒါတွေကို ထိထိ ရောက်ရောက်ဆောင်ရွက်နိုင်ဖို့ ရခိုင်ပြည်နယ်အတွက် ဗဟိုကော်မတီ ဖွဲ့ကတည်းက ဒီလုပ်ငန်းစဉ်ပါပါတယ်၊ အဲဒီအထဲက ဆောင်ရွက်ခဲ့တာ ဖြစ်ပါ တယ်"** ဟု ပြောခဲ့သည်။ (MOI) (7Day) (BBC) (VOA) (Irrawaddy)

ဇွန်လ ၉ ရက်နေ့တွင် ကချင်ပြည်နယ် မြစ်ကြီးနား မြို့မနောကွင်း၌ ကချင်စစ်ပွဲ ခုနစ်နှစ်ပြည့်အခမ်းအနား ပြုလုပ်ခဲ့ပြီး အခမ်းအနားသို့ မြစ်ကြီးနားနှင့် ဝိုင်းမော်မြို့နယ်ရှိ စစ်ရှောင်စခန်းမှ ပြည်သူများ၊ ခရစ်ယာန်ဘာသာရေးအဖွဲ့အစည်း များ၏ ပုဂ္ဂိုလ်များနှင့် ဒေသခံထောင်ချီတက်ရောက်ခဲ့သည်။ (BBC) (KachinWave) (MyitkyinaNew)

ဇွန်လ ၉ ရက်နေ့ ညနေ ၆ နာရီခန့်တွင် ရန်ကုန် ကချင်နှစ်ခြင်းအသင်းတော်၌ နေရပ်စွန့်ခွာတိမ်းရှောင်ခဲ့သည်မှာ ၇ နှစ်ပြည့် ပြီဖြစ်သော စစ်ရှောင်ပြည်သူများအတွက် နှစ်ပတ်လည် ဆုတောင်းပွဲ ပြုလုပ်ခဲ့သည်။ (MyitkyinaNew)

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ စီတာပူရပ်ကွက် မနောကွင်းတွင် ပြုလုပ်သည့် ကချင်ဒေသ တစ်ကျော့ပြန် စစ်ပွဲ ၇ နှစ်ပြည့် အခမ်းအနား ဦးဆောင်ပြုလုပ်ခဲ့သူ အခမ်းအနား ကျင်းပရေး ကော်မတီဝင် ဦးယိမ်းတန်းကို မြို့နယ် ရဲတပ်ဖွဲ့မှ ငြိမ်းစုစီ ဥပဒေပုဒ်မ ၂၀ နှင့်တရားစွဲဆိုခဲ့ပြီး ပြစ်ဒဏ် ဒဏ်ငွေ ၁ သောင်း ချမှတ်ခဲ့သည်။ အခမ်း အနားပြုလုပ်ရာတွင် ခွင့်ပြုချက် တောင်းခံမထားသော အစီအစဉ်များ ထည့်သွင်း လုပ်ဆောင်ခြင်းကြောင့် တရားစွဲရခြင်း ဖြစ်သည်ဟု မြစ်ကြီးနားမြို့နယ် ရဲမှူး မြင့်မိုးမှပြောခဲ့သည်။ (Irrawaddy) (RFA) (Mizzima)

## လူ့အခွင့်အရေးချိုးဖောက်မှု

မေလ၂၉ ရက် နေ့ ည ၁၂ နာရီခန့်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ သီပေါမြို့နယ်အတွင်းရပူကျေးရွာရှိ နေအိမ်နစ်လုံးအား သတင်းအရ ဝင်ရောက်ရှာဖွေရာ SSA (ဝမ်ဟိုင်း)အဖွဲ့မှ ဆက်ကြေး တာဝန်ခံများ ဖြစ်ကြသည့် အိုက်မောင်း (၁) ဦးအား လိယနှင့် စိတ္တ(၁)ဦးမိုးဝင်းတို့ကို ဖမ်းဆီးခဲ့သည်။ (Military)

ဇွန်လ ၃ ရက်နေ့တွင် ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်ခရိုင် မူဆယ်မြို့ရှိ ကိုယ်ပိုင်အထက်တန်းကျောင်းနှင့် ဘော်ဒါဆောင်များထံသို့ ကချင်လွတ်မြောက်ရေး တပ်မတော် (KIA) မှ ဆက်ကြေးငွေ တောင်းခံသည့် စာများပေးပို့ခဲ့သည်ဟု TaiFreedom သတင်းဌာနသို့ ဖော်ပြခဲ့သည်။ KIA အဖွဲ့မှ ကောက်ခံသည့် ဆက်ကြေးငွေအား ပေးဆောင်ခြင်းမရှိလျှင် ကျောင်းပိုင်ရှင်များအနေနှင့် ကလေးငယ်များ၏ လုံခြုံရေး နှင့် အသက်အန္တရာယ်ရှိမှာကို လွန်စွာစိုးရိမ်နေရသောကြောင့် မူဆယ်မြို့ ရဲတပ်ဖွဲ့ထံ အသိပေးတိုင်ကြားထားသော်လည်း ရဲတပ်ဖွဲ့မှ တစ်စုံတစ်ရာ အရေးယူခြင်းမရှိခဲ့ကြောင်း ကျောင်း ဆရာ တစ်ဦးမှပြောခဲ့သည်။ (TaiFreedom)

ကချင်ပြည်နယ် နမ္မတီးမြို့၊ ညောင်တောကျေးရွာသားအသက် (၃၆)နှစ် ဦး Nhkang La နှင့် အသက် (၅၇)နှစ် ဦး Nhkum Brang Li တို့ နှစ်ယောက်သည် လယ်တောသွားခဲ့ပြီး မေ (၄) ရက်နေ့မှ စ၍ မိသားစုနှင့် အဆက်အသွယ် ပျက်သွားခဲ့ခြင်းသည် ဇွန်လ ၄ ရက်နေ့ အထိ ၎င်းတို့၏ သတင်းများ မကြားရသေးသဖြင့် မိသာစုများမှ စိုးရိမ်နေကြောင်း နှင့် ညောင်တော ကျေးရွာသား ၂ ဦး ပျောက်ဆုံးသောနေရာသည် ကချင်လွတ်လပ်ရေး တပ်မတော် KIA တပ်ရင်း (၁၁)ကို ထိုးစစ်ဆင်ခဲ့စဉ် မြန်မာတပ်မတော်၏ စစ်အင်အားစုယူသည့် နေရာဖြစ်သည်ဟု ဒေသခံများမှ ပြောခဲ့သည်။ (KachinNew)

ဇွန်လ ၅ ရက်နေ့တွင် ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်ခရိုင် မူဆယ်မြို့ရှိ ကိုယ်ပိုင်အထက်တန်းကျောင်းနှင့် ဘော်ဒါ ဆောင်များထံသို့ ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) မှ ဆက်ကြေးငွေ တောင်းခံသည့် စာများပေးပို့ခဲ့သည်ဟု TaiFreedom သတင်းဌာနတွင် ဖော်ပြခဲ့သည်။ KIA အဖွဲ့မှ ကောက်ခံသည့် ဆက်ကြေးငွေအား ပေးဆောင်ခြင်းမရှိလျှင် ကျောင်းပိုင်ရှင်များအနေနှင့် ကလေးငယ်များ၏ လုံခြုံရေး နှင့် အသက်အန္တရာယ်ရှိမှာကို လွန်စွာစိုးရိမ်နေရသောကြောင့် မူဆယ်မြို့ ရဲတပ်ဖွဲ့ထံ အသိပေး တိုင်ကြားခဲ့သော်လည်း ရဲတပ်ဖွဲ့မှ တစုံတရာ အရေးယူခြင်းမရှိခဲ့ကြောင်း ကျောင်း ဆရာ တစ်ဦးမှပြောခဲ့သည်။ (TaiFreedom) (Military) (ShanNew)

ဇွန်လ ၅ ရက်နေ့ ည ၇ နာရီခန့်တွင် ရှမ်းပြည်မြောက်ပိုင်း မူဆယ်မြို့ရှိ လက်နက်ကိုင်ပြည်သူ့စစ်တပ်ဖွဲ့ဝင်မှ ဒေသခံ လူငယ်တဦးအား သေနတ်ထိုးချိန်ခြိမ်းခြောက်ခဲ့သဖြင့် အသက်အန္တရာယ်ပြုလာမှု စိုးရိမ်ရသောကြောင့် တာဝန်ရှိများထံ တိုင်တန်းခဲ့သည်ဟု ShanNew သတင်းဌာနတွင် ဖော်ပြခဲ့သည်။ (ShanNew)

## မြေမြှုပ်မိုင်း

### သေဆုံး

မေလ ၃၀ ရက်နေ့ နေ့လည် ၂ နာရီခန့်တွင် ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်၊ ကာမိုင်းမြို့ရှိ စံပြကျေးရွာနေ ဦးငွါးဆီဒီးနှင့် ဦးအားရုံတို့ နှစ်ဦးသည် ကျေးရွာ၏ အရှေ့ဘက် ၄ မိုင်ခန့်အကွာ၌ ထောင်ထားသည့် တိုက်မိုင်းတစ်လုံးအားနင်းမိ၍ ဦးငွါးဆီဒီးမှာ သေဆုံးခဲ့သည်။ ထို့အတူ နံနက် ၈ နာရီခန့်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကွတ်ခိုင်မြို့နယ်၊ နမ့်ပါချီးကျေး ရွာ၌ အလုပ်လုပ်ကိုင် နေသည့် ကာလိုင်ကျေးရွာနေ ဦးစိုင်းလီသည် နမ့်ပါချီးကျေးရွာ၏ အရှေ့ဘက် မီတာ ၂၀၀၀ ခန့် အကွာ၌ ထောင်ထားသည့် မိုင်းတစ်လုံးအား နင်းမိပေါက်ကွဲပြီး မိုင်းစထိမှန်ဒဏ်ရာများ ရရှိခဲ့သည်။ (TheLadies) (Military)

## ဒဏ်ရာရ

မေလ ၃၁ ရက်နေ့ ညနေ ၅ နာရီခွဲခန့်တွင် ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ နန့်မွန်းကျေးရွာနေ ဦးတန်ဝွမ်းသည် ဇနီးဖြစ်သူ မနန်ဒွဲနှင့်အတူ မိုင်းနောင်ကျေးရွာ၏အနောက်ဘက် ၂ မိုင်ခန့်အကွာရှိလယ်တောအနီး၌ ထောင်ထားသည့် နင်းမိုင်း တစ်လုံးအား ဦးတန်ဝွမ်းမှ နင်းမိသဖြင့် မိုင်းစထိမှန်ဒဏ်ရာများရခဲ့သည်။ (Military)

## တွေ့ဆုံဆွေးနွေးမှု

မေလ ၃၀ ရက်နေ့တွင် ရန်ကုန်မြို့ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ၌ အစိုးရ၊ တပ်မတော် နှင့် အပစ်ရပ်စာချုပ် (NCA) လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေး အဖွဲ့အစည်း (NCA-S-EAOs) များ တတိယအကြိမ် ၂၁ ရာစုပင်လုံအစည်းအဝေး ပြုလုပ်နိုင်ရန်အတွက် အလွတ်သဘော တွေ့ဆုံ ဆွေးနွေးခဲ့သည်။ တွေ့ဆုံရာတွင် တတိယအကြိမ် ၂၁ ရာစု ပင်လုံညီလာခံမှာ ကိုယ်ပိုင် ပြဌာန်းခွင့်၊ ပြည်နယ်ဖွဲ့စည်းပုံ ရေးဆွဲရေး၊ ပြည်ထောင်စုကနေ ခွဲမထွက်ရေးနှင့် ဆိုင်သည့် ကိစ္စများကို ဆွေးနွေးမည် မဟုတ်ဟု ပအိုဝ်းအမျိုး သားလွတ်မြောက်ရေးအဖွဲ့ (PNLO) နာယက ဗိုလ်မှူးကြီး ခွန်ဥက္ကာမှ ပြောခဲ့သည်။ ဆွေးနွေးပွဲသို့ အစိုးရနှင့် တပ်မတော် ဘက်မှ ကိုယ်စားလှယ် (၈) ဦး၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ် (၉) ဦးတက်ရောက် ဆွေးနွေးခဲ့သည်။ (TaiFreedom) (RFA) (RFA)

မတ်လ (၇) ရက်နေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC)ရုံး အစည်းအဝေးခန်းမတွင် ငြိမ်းချမ်းရေးကော်မရှင်နှင့် ကရင်နီအမျိုးသား တိုးတက်ရေးပါတီ (KNPP) ကိုယ်စားလှယ်အဖွဲ့တို့ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)တွင် ပါဝင်လက်မှတ်ရေးထိုး နိုင်ရေးအတွက် အလွတ်သဘော ဆွေးနွေးပွဲ ပြုလုပ်ခဲ့သည်။ ငြိမ်းချမ်းရေးကော်မရှင် ဥက္ကဋ္ဌ ဒေါက်တာ တင်မျိုးဝင်း၊ ဒုဥက္ကဋ္ဌ ဦးသိန်းဇော်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦး(အငြိမ်းစား)၊ ဒုတိယဗိုလ်ချုပ်ကြီး အောင်ကျော်ဇော၊ ဒုတိယဗိုလ်ချုပ်ကြီး သန်းထွန်းဦးနှင့် ငြိမ်းချမ်းရေးကော်မရှင်မှ တာဝန်ရှိသူများ၊ KNPP မှ ဒုတိယဥက္ကဋ္ဌ ခူးဦးရယ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ နှစ်ဖက်ရုံးအဖွဲ့များတက်ရောက်ခဲ့သည်။ (PeaceCommission)

## အစည်းအဝေးများ

### UPDJC

ဇွန်လ ၇ ရက်နေ့ နံနက် ၉ နာရီအချိန်တွင် ရန်ကုန်မြို့ Green Hill Hotel ၌ ၂၁ ရာစု ပင်လုံညီလာခံ တတိယအကြိမ် အစည်းအဝေး ကြိုတင်ပြင်ဆင်ခြင်းနှင့် ပတ်သက်၍ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) လက်မှတ် ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ၁၀ ဖွဲ့ (NCA-S-EAO) မှ ပြည်ထောင်စု ငြိမ်းချမ်း ရေးဆွေးနွေးမှု ပူးတွဲကော်မတီ (NCA-S-EAO UPDJC) အစည်းအဝေး ပြုလုပ်ခဲ့သည်။ အစည်းအဝေးတွင် အဓိကအားဖြင့် NCA-S-EAO ၏ လုပ်ငန်းဆောင်ရွက်မှုများဖြစ်သည့် NCA-S-EAO PPST အစည်းအဝေးများ နှင့် အစိုးရ၊ တပ်မတော် နှင့် တွေ့ဆုံဆွေးနွေးခဲ့သည့် အလွတ်သဘော ဆွေးနွေးရေး အစည်းအဝေးများအား ပြန်လည်တင်ပြခြင်း၊ လက်ရှိနိုင်ငံရေး အခြေအနေအပေါ် ပြန်လည်သုံးသပ်ခြင်း၊ နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ ကဏ္ဍအလိုက် လုပ်ငန်းကော်မတီများကိစ္စ၊ ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ (၂၁) ရာစု ပင်လုံတတိယအစည်းအဝေးသို့ တက်ရောက်မည့် ကိုယ်စားလှယ်များကိစ္စနှင့် အစည်းအဝေးပြုလုပ်စဉ် ရုံးလုပ်ငန်း ကော်မတီများကိစ္စ စသည်တို့ကို အဓိကထား ဆွေးနွေး ခဲ့သည်။ (TaiFreedom) (MonNew)

ဇွန်လ ၁၁ ရက်နေ့နှင့် ၁၂ ရက်နေ့အထိ မြိတ်မြို့၌ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများအား ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် ပြုလုပ်နိုင်ရန်အတွက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးပွဲ ပူးတွဲကော်မတီ (UPDJC) နိုင်ငံရေးပါတီများ အစုအဖွဲ့ အစည်းအဝေးအား နှစ်ရက်ကြာ ပြုလုပ်ခဲ့သည်။ (MyanmarTime) (Mon New)

## NCA EAOs

ဇွန်လ ၁၀ ရက်နေ့မှ ၁၃ ရက်နေ့အထိ ကရင်ပြည်နယ် ဖားအံခရိုင်၊ လေးဝါးစခန်း၌ ကရင်အမျိုးသားအစည်းအရုံး (KNU) မှ ဦးဆောင်၍ ကရင် အမျိုးသား နိုင်ငံရေးဆိုင်ရာညှိနှိုင်း ဆွေးနွေးအတည်ပြုခြင်း အစည်းအဝေးတစ်ရပ် ပြုလုပ်ခဲ့သည်။ အစည်းအဝေး တွင် လာမည့် ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံ ၂၁ရာစုပင်လုံ တတိယ အစည်းအဝေးသို့ တင်သွင်းနိုင်ရန်အတွက် လူထုတွေ့ဆုံပွဲများမှ တစ်ဆင့် ကဏ္ဍအလိုက် ဆွေးနွေးပွဲများမှ ရရှိလာသည့် ဆွေးနွေးချက်များကို ပြန်လည် စုစည်းတင်ပြ ညှိနှိုင်းဆွေးနွေးပြီး အတည်ပြုချက်များ ရယူညှိနှိုင်းရန်ပြုလုပ်သည့် အစည်းအဝေးဖြစ်ပြီး လက်ရှိပြုလုပ်နေသည့် အစည်းအဝေးသို့ KNUမှ စစ်ဖက် အရပ်ဖက်ခေါင်းဆောင်များ၊ ဒီမိုကရေစီအ ကျိုးပြု ကရင်တပ်မတော်(DKBA)၊ ငြိမ်းချမ်းရေးကောင်စီ (KNU/KNLA-PC) ၊ နယ်ခြားစောင့်တပ် (BGF) စသည့် ကရင့်လက်နက်ကိုင်အဖွဲ့အစည်းမှ ကိုယ်စားလှယ်များ၊ ကရင်နိုင်ငံရေးပါတီ ကိုယ်စားလှယ်များ၊ ပြည်နယ်၊ တိုင်းဒေသကြီးအလိုက် ကိုယ်စားလှယ်များ၊ ဘာသာရေး ခေါင်းဆောင်အချို့နှင့် ကရင်လူငယ်များ အပါအဝင် ကိုယ်စားလှယ် (၃၀၀) ခန့် တက်ရောက် ဆွေးနွေးခဲ့ သည်။ (KIC) (KNU)

ဇွန်လ ၁၁ ရက်နေ့နှင့် ၁၂ ရက်နေ့ အထိ ထိုင်းနိုင်ငံ ချင်းမိုင်မြို့ အမိုရာထပေး ဟိုတယ်၌ အပစ်ရပ်စာချုပ် လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသား လက်နက်ကိုင် တော်လှန်ရေး အဖွဲ့အစည်းများ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ (PPST) ၏ ၂၁ ကြိမ်မြောက် အစည်းအဝေးကို ပြုလုပ်ခဲ့သည်။ အစည်းအဝေးတွင် ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံကို အစည်းအဝေး ဖြစ်ရုံပြုလုပ်ခြင်းထက် ရလဒ်ကောင်းများ ရရှိစေလိုကြောင်း ကရင်အမျိုးသားအစည်းအရုံး KNU ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး စောမူတူးစေးဖိုး မှ ပြောခဲ့သည်။ အစည်းအဝေးသို့ တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်း ၁၀ ဖွဲ့မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့သည်။ (NMG) (KNU) (TaiFreedom)

## JMC

မေလ ၃၀ ရက်နေ့တွင် ပဲခူးတိုင်း၊ တောင်ငူမြို့၌ ပဲခူးတိုင်း ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲ စောင့်ကြည့်ရေး ကော်မတီ (JMC-S ပဲခူး) ၏ (၁၅) ကြိမ်မြောက် အစည်းအဝေး ပြုလုပ်ခဲ့သည်။ အစည်းအဝေးသို့ JMC-S (ပဲခူး) ဥက္ကဋ္ဌ တောင်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးနှင့် ဒုတိယဥက္ကဋ္ဌ၊ ကော်မတီဝင် (၉) ဦး၊ သီးခြားဖိတ်ကြား ထားသူများနှင့် ရုံးအဖွဲ့ဝင် (၁၅) ဦး စုစုပေါင်း (၂၆) ဦးတက်ရောက်ခဲ့သည်။ (JMC)

မေလ ၃၁ ရက်နေ့တွင် ကရင်ပြည်နယ်၊ ဘားအံမြို့၌ ကရင်ပြည်နယ် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့် ရေးကော်မတီ [JMC-S (ကရင်)] ၏ (၁၆) ကြိမ်မြောက် အစည်းအဝေး ပြုလုပ်ခဲ့သည်။ အစည်းအဝေးတွင် JMC-S (ကရင်) ဥက္ကဋ္ဌ၊ဒုတိယဥက္ကဋ္ဌ (၂)တို့မှ နှုတ်ခွန်းဆက်စကားပြောကြားခဲ့သည်။ အစည်းအဝေးသို့ JMC-S (ကရင်) ဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမိုးအောင်၊ ဒုတိယဥက္ကဋ္ဌ (၂) စောခရစ္စတိုဖာနှင့် ကော်မတီဝင် စုစုပေါင်း (၂၁) ဦး တက်ရောက်ခဲ့သည်။ (JMC)

ဇွန်လ ၁ ရက်နေ့တွင် မွန်ပြည်နယ်၊ မော်လမြိုင်မြို့၌ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးပြီးနောက် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲ စောင့်ကြည့်ရေး ကော်မတီ (JMC) တွင် အသစ် ပါဝင်ခဲ့သော မွန်ပြည်သစ်ပါတီ (NMSP) အဖွဲ့ဝင်များအတွက် JMC ဆိုင်ရာ လုပ်ငန်းများ ရှင်းလင်း ဆွေးနွေးပွဲကို ပြုလုပ်ခဲ့ သည်။ ဆွေးနွေးပွဲတွင် ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-U) ဒုတိယဥက္ကဋ္ဌ (၂) ဦးပြည့်စုံ၊ JMC-S (မွန်) ဒုတိယဥက္ကဋ္ဌ (၂) ဒေါက်တာမိယဉ်ချမ်း၊ မွန်ပြည်သစ်ပါတီ တွဲဖက်အထွေထွေအတွင်းရေးမှူး နိုင်ဖေယျနှင့် JMC-S (မွန်) အဖွဲ့ဝင် ဒေါက်တာမင်းနွယ်စိုးတို့မှ နှုတ်ခွန်းဆက်စကား ပြောကြား ပြီး (JMC) ၏ လုပ်ငန်းတာဝန်များ၊ ဖွဲ့စည်းပုံများကို မိတ်ဆက် ရှင်းလင်းခဲ့သည်။ JMC ဆိုင်ရာ လုပ်ငန်းစဉ်များ ရှင်းလင်း ဆွေးနွေးပွဲသို့ JMC-U၊ JMC-S (မွန်) နှင့် မွန်ပြည်သစ်ပါတီ (NMSP) မှ အဖွဲ့ဝင်များ၊ နည်းပညာအထောက် အကူပြု ရုံးအဖွဲ့ဝင်များ စုစုပေါင်း (၃၉) ဦး တက်ရောက်ခဲ့သည်။ (JMC)

## Government

ဇွန်လ ၈ ရက်နေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ အိမ်တော် ဧည့်ခန်းမဆောင်၌ ရခိုင်ပြည်နယ် အရေးကိစ္စအပါအဝင် အမျိုးသားလုံခြုံရေးနှင့် နိုင်ငံတကာဆက်ဆံရေးအခြေအနေများ နှင့်စပ်လျဉ်းသည့် အစည်းအဝေး ပြုလုပ်ခဲ့သည်။ အစည်းအဝေးတွင် ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) နှင့် ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ် (UNDP) နှင့် နားလည်မှုစာချွန်လွှာရေးထိုးခဲ့သည့် အခြေအနေများ၊ စုံစမ်းစစ်ဆေးရေးကော်မရှင် ဖွဲ့စည်းမှု အခြေအနေများ၊ ရှန်ဂရီလာဒိုင်ယာလော့ခ်နှင့် ဆက်စပ်ကိစ္စရပ်များ၊ ရခိုင်ပြည်နယ်နှင့် နယ်စပ်လုံခြုံရေး ကိစ္စရပ်များ စသည်တို့ကို ဆွေးနွေးခဲ့သည်။ အစည်းအဝေးသို့ နိုင်ငံတော်သမ္မတဦးဝင်းမြင့်၊ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတများဖြစ်သည့် ဦးမြင့်ဆွေ၊ ဦးဟင်နရီဗန်ထီးယူ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးမန်းဝင်းခိုင်သန်း၊ ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဒုတိယကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း၊ နယ်စပ် ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီးရဲအောင်၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးကျော်တင့်ဆွေ၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးနှင့် သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူ တို့တက် ရောက်ခဲ့သည်။ (PresidentOffice) (MyanmarTime) (BBC) (MOI)

ဇွန်လ ၁၀ ရက်နေ့ နံနက် ၉နာရီတွင် ဟားခါးမြို့ ပြည်နယ်စီမံကိန်းရုံး အစည်းအဝေးခန်းမ၌ ချင်းပြည်နယ် ရင်းနှီးမြှုပ်နှံမှု နှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနနှင့် DaNA Facilityတို့ ပူးပေါင်းပြုလုပ်သည့် ချင်းပြည်နယ်၏ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်း များ မြှင့်တင်ဆောင်ရွက်နိုင်ရန်နှင့် လိုအပ်သော မဟာဗျူဟာများ ချမှတ်ခြင်း အလုပ်ရုံဆွေးနွေးပွဲပြုလုပ်ခဲ့သည်။ ဆွေးနွေးပွဲသို့ ချင်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ အစိုးရအဖွဲ့ အတွင်းရေးမှူး၊ ချင်းပြည်နယ်ရင်းနှီးမြှုပ်နှံမှု ကော်မတီဝင်များ နှင့် ချင်းပြည်နယ် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ အထောက်အကူပေးရေး အဖွဲ့ဝင်များ တက်ရောက်ခဲ့သည်။ (MOI)

## ANC (အမျိုးသားအဆင့် မူဝါဒရေးရာ နီးနှောဖလှယ်ပွဲ)

ဇွန်လ ၈ ရက်နေ့မှ ၁၂ ရက်နေ့အထိ ထိုင်းနိုင်ငံ၊ မဲဆောက်မြို့၌ ညီညွတ်သည့် တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ် ကောင်စီ (UNFC) ၏ အဖွဲ့ဝင် ရခိုင်ပြည်အမျိုးသားကောင်စီ (ANC) မှ ဦးဆောင်၍ "ရခိုင်အမျိုးသား အဆင့်မူဝါဒရေးရာ နီးနှောဖလှယ်ပွဲ ပြုလုပ်ခဲ့သည်။ နီးနှောဖလှယ်ပွဲသို့ လက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ၊ ပြည်တွင်း နိုင်ငံရေးပါတီများ၊ ဥပဒေအထောက်အကူပြုအဖွဲ့၊ တိုင်းရင်းသားမျိုးနွယ်စု၊ လူငယ်၊ အမျိုးသမီး၊ လယ်သမား၊ အလုပ်သမား၊ သဘာဝပတ်ဝန်းကျင်၊ လူ့အခွင့်အရေးနှင့် လူထုအခြေပြုအသင်းအဖွဲ့များမှ တရားဝင်ကိုယ်စားလှယ် (၈၁) ဦးနှင့် လေ့လာသူ (၇) ဦး တက်ရောက်ခဲ့သည်။ ဆွေးနွေးပွဲတွင် ရခိုင်ပြည်နယ် အစား၊ ရခိုင်ပြည်ထောင်ဟု ပြောင်းလဲ ခေါ်ဆိုမည် ဟူသော ဆုံးဖြတ်ချက် တခု ချမှတ်ခဲ့သည့် အပြင် အဖွဲ့ဝင် (၉) ဦးပါဝင်သော ဦးဆောင် ကော်မတီ ဖွဲ့စည်းခဲ့ပြီး ဇွန်လ ၁၂ ရက်နေ့ ရက်စွဲဖြင့် ဦးဆောင်ကော်မတီမှ သဘောထားကြေညာချက်ထုတ်ပြန်ခဲ့သည်။ ဆွေးနွေးပွဲသို့ တက်ရောက်နိုင်ခဲ့ခြင်း မရှိခဲ့သည့် မြောက်ပိုင်းမဟာမိတ်အဖွဲ့ဝင် ULA/AA နှင့် ရခိုင်ဒီမိုကရေစီ အဖွဲ့ချုပ် (ALD) တို့ကိုမူ အစည်းအဝေးဆုံးဖြတ်ချက်အရ ဖြစ်ပေါ်လာသည့် လုပ်ငန်းရေးရာ ကော်မတီများတွင် ထည့်သွင်းနိုင်ရေး အစီစဉ်ရှိပြီး ဆက်လက်ညှိနှိုင်းမှုများ ပြုလုပ်သွားမည်ဟု ဦးထွန်းဇော်မှ ပြောခဲ့သည်။ (Mizzima) (ArakanArmy)

## နီးနောဖလှယ်ပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများနှင့် သတင်းစာရှင်းလင်းပွဲများ

### CSOs

ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကြီးတစ်ခုလုံးကို ပြည်သူလူထု သိရှိစေရန်၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပြည်သူလူထုမှ ပူးပေါင်း ပါဝင်ရန်နှင့် ပြည်သူ့အသံ ဖော်ပြနိုင်ရန် ရည်ရွယ်ချက်ဖြင့် မွန်ပြည်နယ်၊ ရေးမြို့၊ မွန်ဓမ္မာရုံ၌ မေလ ၁၇ ရက်နေ့ တွင် ငြိမ်းချမ်းရေးလူထုစကားဝိုင်း ကျင်းပပြုလုပ်မည် ဖြစ်ကြောင်း ဦးဆောင်သူ ရေးမြို့ခံ ဒေါ်ဝင်းတိမ်လွှာမှ ပြောခဲ့သည်။ ငြိမ်းချမ်းရေး လူထု စကားဝိုင်းတွင် ဦးဆောင်ဆွေးနွေးသူအဖြစ် မွန်ပြည်သစ်ပါတီ ဒုတိယ ဉက္ကဋ္ဌ နိုင်ဟံသာ၊ UPDJC အတွင်းရေးမှူးအဖွဲ့ဝင် မင်းကျော်ဇေယျာဦး (မွန်အမျိုးသားပါတီ) ၊ နိုင်ငံရေး လေ့လာသုံးသပ်သူ စာရေးဆရာ ဦးဌေးသိန်း (ခ) နောင်ကျော်၊ တကောင်းနိုင်ငံရေး လေ့လာမှု အရပ်ဖက် အဖွဲ့အစည်းမှ ဦးရဲမျိုးဟိန်း နှင့် စကားဝိုင်း ကူညီ ပံ့ပိုးသူ Moderator မင်းအောင်ထူး ဆောင်ရွက်မည်ဟု ဖိတ်စာတွင် ပါရှိသည်။ (MonNew)

### JMC

မေလ ၃၁ ရက်နေ့တွင် ရှမ်းပြည်နယ် (တောင်ပိုင်း)၊ လင်းခေးမြို့နယ် ဝမ်စလောင်းကျေးရွာသို့ရှမ်းပြည်နယ် ပစ်ခတ်တိုက် ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-Sရှမ်း) ဉက္ကဋ္ဌနှင့် အဖွဲ့ဝင်များမှ သွားရောက်၍ ဒေသခံ ပြည်သူလူထုနှင့် တွေ့ဆုံခဲ့သည်။ တွေ့ဆုံပွဲတွင် JMC-S (ရှမ်း) ဉက္ကဋ္ဌနှင့် အဖွဲ့ဝင်များမှ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ အကြောင်းအရာများကိုပြောခဲ့သည်။ တွေ့ဆုံပွဲသို့ JMC-S (ရှမ်း) အဖွဲ့ဝင်များ၊ JMC-L (လင်းခေး) အဖွဲ့ဝင်များ၊ နည်းပညာအထောက်အကူပြု ဝန်ထမ်းများနှင့် ဒေသခံ ပြည်သူလူထု စုစုပေါင်း (၄၀၀) ကျော်တက်ရောက်ခဲ့သည်။ (JMC) (TaiFreedom)

မေ ၃၁ ရက် နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးမြို့၊ ဝမ်စလောင်း ကျေးရွာရှိ ဝိဟာရ ဘုန်းတော်ကြီး ကျောင်း၌ ရှမ်းပြည်နယ် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီ (JMC-S) အဖွဲ့ဝင်များနှင့် ဒေသခံ ပြည်သူများ တွေ့ဆုံပွဲကို ပြုလုပ်ခဲ့သည်။ တွေ့ဆုံပွဲတွင် (JMC-S) ဉက္ကဋ္ဌ အရှေ့ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သန်းလှိုင်မှ အဖွင့်အမှာ စကားပြောခဲ့ပြီး(JMC-S) အဖွဲ့ဝင်များမှ လုပ်ငန်းစဉ်များ ရှင်းလင်း ပြော ခဲ့သည်။ (Military)

ဇွန်လ ၄ ရက်နေ့တွင် ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ်၊ ဝင်းရော်ဒေသ ဖားပြရွာ ဘုန်းကြီးကျောင်း၌ ကရင် ပြည်နယ် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ JMC-S (ကရင်)] အဖွဲ့ဝင်များသည် ဒေသခံ ပြည်သူလူထုနှင့် တွေ့ဆုံခဲ့သည်။ တွေ့ဆုံပွဲတွင် JMC-S (ကရင်) ဉက္ကဋ္ဌ နှင့် အဖွဲ့ဝင်များက တစ်ဦးချင်း မိတ်ဆက်ခဲ့ပြီး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီ၏ လုပ်ငန်းစဉ်များနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တို့အား ဒေသခံပြည်သူလူထုသို့ ရှင်းလင်းပြောခဲ့သည်။ တွေ့ဆုံပွဲတွင် ပြည်နယ် ရဲမှူးကြီးကြည်လင်းမှ ကရင်ပြည်နယ် အတွင်း မူးယစ်ဆေးဝါးရောင်းဝယ်မှု နောက်ကွယ်တွင် လက်နက်ကိုင်အဖွဲ့ရှိသည် ဟုပြောကြားခဲ့သည်။ တွေ့ဆုံပွဲသို့ JMC-S (ကရင်) ဉက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာန ချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမိုးအောင်၊ ကရင်အမျိုးသား အစည်းအရုံး (KNU) ဖဟိုအလုပ်အမှုဆောင် ပဒိုမန်းငြိမ်းမောင်၊ JMC-S (ကရင်) ကော်မတီဝင်များ၊ နစ်ဖက်တပ်ဖွဲ့ဝင်များနှင့် နည်းပညာ အထောက်အကူပြု အဖွဲ့ဝင်များ နှင့် ကျေးရွာ (၃၉) ရွာမှ ဒေသခံ ပြည်သူလူထု (၈၀၀) ခန့် တက်ရောက်ခဲ့သည်။ (JMC) (KIC)

## ထုတ်ပြန်ချက်

မေလ ၂၉ ရက်နေ့တွင် နိုင်ငံတော်သမ္မတရုံးမှပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၄၊ ပုဒ်မခွဲ (က) နှင့် တိုင်း (သို့) ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၅၂၊ ပုဒ်မခွဲ (ခ) တို့ပါပြဋ္ဌာန်းချက်များအရ မွန်ပြည်နယ်အစိုးရအဖွဲ့၊ လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးမင်းထင်အောင်ဟန်ကို ယင်း၏ သဘောဆန္ဒ အလျောက် ပြည်နယ်ဝန်ကြီးရာထူးမှ နုတ်ထွက်ခွင့်ပြုလိုက်ကြောင်း ကြေငြာချက်တစောင် ထုတ်ပြန်ခဲ့သည်။ (MonNew)

မေလ ၃၀ ရက်နေ့ ရက်စွဲဖြင့် Burma Campaign UK အဖွဲ့မှ လူ့အခွင့်အရေးချိုးဖေါက်မှုများ ရှိနေသည့် မြန်မာ့တပ်မတော်ကို သင်တန်းများပေးခြင်းနှင့် ပတ်သက်ပြီး ပွင့်လင်းမြင်သာမှုရှိရန် ဥရောပသမဂ္ဂ နိုင်ငံခြားရေးဌာန အဆင့်မြင့်ကိုယ်စားလှယ် Federica Mogherini ကို (သို့) မြန်မာနိုင်ငံ ဆိုင်ရာ EU သံအမတ်ကြီး Kristian Schmidt ကို စာရေးသား တောင်းဆိုရန် ကြေငြာချက် တစောင်ထုတ်ပြန်ခဲ့သည်။ (RFA)

၂၀၁၈ ခုနှစ် ဇန်နဝါရီလမှ မေလကုန်ထိ ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်၊ လားရှိုး၊ မိုးမိတ်၊ မိုင်းငေါ့၊ နမ္မတူ၊ ကျောက်မဲ၊ နမ့်ဆန်၊ မိုင်းလုံမြို့နယ်ခွဲနှင့် သီပေါမြို့နယ်တို့တွင် မြေမြှုပ်မိုင်းပေါက်ကွဲမှုကြောင့် သေဆုံးသူ ၄ ဦးနှင့် ၁၉ ဦး ဒဏ် ရာရရှိခဲ့ကြောင်း Marnagar News သတင်းဌာနတွင် ဇွန်လ၃ရက်နေ့ ရက်စွဲဖြင့် ဖော်ပြခဲ့သည်။ မြေမြှုပ်မိုင်း ပေါက်ကွဲမှု ဖြစ်ပွားနေသည့် မူဆယ်၊ မိုင်းငေါ့၊ နမ္မတူ၊ ကျောက်မဲ၊ နမ့်ဆန်၊ မိုင်းလုံမြို့နယ်ခွဲနှင့် သီပေါမြို့ နယ်တို့တွင် မြန်မာ့တပ်မ တော်၊ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) နှင့် တအန်းအမျိုးသားလွတ်မြောက်ရေးတပ်မတော်(TNLA) တို့ တိုက်ပွဲများ မကြာခဏ ဖြစ်ပွားသည့် ဒေသ ဖြစ်သည်။ (Marnagar)

မြန်မာ့တပ်မတော်အနေဖြင့် တခြားတိုင်းရင်းသား လူနည်းစုများအပေါ်တွင် ပစ်မှတ်ထား တိုက်ခိုက်မှုများ ရှိနေသည် ဟု ဗြိတိန်အခြေစိုက် Sky News သတင်းဌာနမှ ဇွန် ၅ ရက်နေ့ ရက်စွဲဖြင့် ထုတ်ပြန်ခဲ့သည်။ (RFA)

သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချိုတို့သည် ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ပရာယုဒ်ချန်အိုချာ(ငြိမ်း)၏ ဖိတ်ကြားချက်အရ မကြာမီကာလအတွင်း ထိုင်းနိုင်ငံသို့ တရားဝင် ချစ်ကြည်ရေး ခရီးစဉ် သွားရောက်မည် ဖြစ်ကြောင်း နိုင်ငံတော် သမ္မတရုံးမှ ဇွန် ၁၁ ရက်တွင် ထုတ်ပြန်ခဲ့သည်။ (MyanmarTime) (7Day)

## သဘောထားမှတ်ချက်

မေလ ၂၉ ရက်နေ့တွင် နေပြည်တော်၊ ပြန်ကြားရေးဝန်ကြီးဌာန၌ ပြုလုပ်သည့် အစိုးရသက်တမ်း ဒုတိယနှစ်အတွင်း ဆောင်ရွက်ချက်များအပေါ် သတင်းစာရှင်းလင်းပွဲတွင် တပ်မတော်အနေဖြင့် နိုင်ငံ၏ အကြီးအကဲဖြစ်သော သမ္မတက ဥပဒေနှင့်အညီ ညွှန်ကြားလာပါက လိုက်နာဆောင်ရွက်ရန် အသင့်ရှိကြောင်း ကာကွယ်ရေးဝန်ကြီးဌာန၊ အမြဲတမ်း အတွင်းဝန်ဖြစ်သူ ဗိုလ်မှူးချုပ် အောင်ကျော်ဟိုးမှ ပြောခဲ့သည်။ ထို့ပြင် တတိယအကြိမ် ၂၁ရာစုပင်လုံညီလာခံကျင်းပဖို့ နှောင့်နှေးနေတာဟာ တပ်မတော်ကြောင့် မဟုတ်ကြောင်း ဗိုလ်မှူးချုပ် အောင်ကျော်ဟိုးမှပြောခဲ့သည်။ ထို့ပြင် ပြီးခဲ့သည့်နှစ် အတွင်း ပြစ်မှုကျူးလွန်ခဲ့သူ အခြားအဆင့်အပါအဝင် တပ်မတော်အရာရှိ ၄၆ ဦးကို အရေးယူခဲ့ကြောင်း ဗိုလ်မှူးချုပ် အောင်ကျော်ဟိုးမှပြောခဲ့သည်။ (DVB) (RFA)(Mizzima) (MyanmarTime)

မေလ ၂၉ ရက်နေ့တွင် ကယားပြည်နယ်၊ ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ကရင်နီအမျိုးသား တိုးတက်ရေးပါတီ (KNPP) ၏ ဗဟို ကော်မတီဝင်များနှင့် ပြည်နယ်အစိုးရအဖွဲ့ တာဝန်ရှိသူများ တွေ့ဆုံရာ ၂၀၁၇ခုနှစ် ဒီဇင်ဘာလတွင် ကယား ပြည်နယ်၊ ရှားတောမြို့နယ်အတွင်း ကရင်နီအမျိုးသားတိုးတက်ရေးပါတီဝင် ၃ ဦး နှင့် ဒေသခံ ၁ ဦးအသတ် ခံရမှုကို အစိုးရ တပ်မတော်မှ ခုံရုံးဖွဲ့စစ်ဆေးရာတွင် လူသတ်မှုဖြစ်စဉ်အတွင်း လွတ်မြောက်ခဲ့သည့် KNPP တပ်သားတစ်ဦးနှင့် ဗဟို ကော်မတီဝင်တစ်ဦးကို သက်သေအဖြစ်ထွက်ဆိုပေးရန် အစိုးရတပ်မတော်ဘက်မှ တောင်းဆိုထားမှုအပေါ် ဌာနချုပ်ကို တင်ပြပြီး အကြောင်းပြန်မည်ဟု ပြောခဲ့ကြောင်း KNPP၏အတွင်းရေးမှူး (၂) ခူးဒယ်နီယယ် မှပြောခဲ့သည်။ (RFA)

မေလ ၂၉ ရက်နေ့တွင် ကရင်အမျိုးသား အစည်းအရုံး (KNU/KNLA) တပ်မဟာ (၅) တပ်ရေး တာဝန်ခံ ဗိုလ်မှူး စောက လယ်ဒိုမှ တပ်မတော်၏ လမ်းဖောက်လုပ်ရေးလုပ်ငန်းဆောင်ရွက်မှုနှင့် ပတ်သက်၍ တိုက်ပွဲများဖြစ်ပွားခဲ့သော ကရင် ပြည်နယ် ဖာပွန်ခရိုင်လွယ်မူပလောဒေသ၌ လက်ရှိအချိန်တွင် တိုက်ပွဲဖြစ်ပွားမှု မရှိတော့ဘဲ စစ်ရေးတည် ငြိမ်နေပြီဟု ပြောခဲ့သည်။ **"ခေါင်းဆောင်ကြီးတွေ အချင်းချင်းတွေ့ပြီး ကျွန်တော်တို့ကို ပြန်ညွှန်ကြားတဲ့နောက်တော့ တစ်ခါမှတော့ မဖြစ်တော့ဘူး"** ဟု ဗိုလ်မှူး စောကလယ်ဒိုမှပြောခဲ့သည်။ ထို့ပြင် နှစ်ဖက်ခေါင်းဆောင်များ တွေ့ဆုံဆွေးနွေးပြီးသော် လည်း ပဋိပက္ခများ ထပ်မံမဖြစ်ပွားရေး အောက်ခြေတပ်ပိုင်းဆိုင်ရာ တာဝန်ရှိသူများအကြား တွေ့ဆုံဆွေးနွေးနိုင်ရန် စောင့်ဆိုင်းနေကြောင်း KNU ဗဟိုမှ ဖွဲ့စည်းထားသည့် စစ်ဘက်ရေးရာညှိနှိုင်းဆွေးနွေးရေးအဖွဲ့ (Mant) အဖွဲ့ဝင်လည်း ဖြစ်သူ ဗိုလ်မှူးစောကလယ်ဒိုမှ ပြောခဲ့သည်။ (7Day)

ကချင်လွတ်မြောက်ရေးအဖွဲ့ KIO ကျောင်းမှ အောင်လော့ဒ် စစ်ရှောင်ကလေးများ ပညာဆက်လက်သင်ကြားနိုင်ရန် အစိုးရကျောင်းတွင် ဝင်ခွင့်စာမေးပွဲ ထပ်မံဖြေဆိုရမည်ကို စိုးရိမ်ကြောင်း မြစ်ကြီးနား Jaw Masat နှစ်ခြင်းခရစ်ယာန် ဘုရားကျောင်း ကို ရောက်ရှိနေသည် Awng Lawt မှ စစ်ရှောင် ဒေါ် Lamyam Hka Tawmမှပြောခဲ့သည်။ **"ကလေးတွေက ဟိုမှာ အောင်ပြီး လာခဲ့တာတော့ဟုတ်တယ်။ ဒါပေမယ့် အခုဒီမှာက စာမေးပွဲ ဆက်ဖြေခိုင်းမယ် ဆိုတော့။ ကလေးတွေက သေနတ်သံ ကြားပြီးထွက်ပြေးလာ ရတဲ့အတွက် လန့်တာတွေလည်းရှိမယ်။ စာတွေလည်း မေ့ကုန်လောက်ပြီ။ တကယ်လို့ မထင်မှတ်ဘဲ ကျသွားခဲ့ရင် အသက်ကကြီးသွားပြီး အတန်းက နောက်ကျ နေမယ်။ ဒါမျိုးဖြစ်မှာ ကို စိုးရိမ်မိတယ်"** ဟု ပြောခဲ့သည်။ (KachinNew)

မေလ ၃၁ ရက်နေ့တွင် ကချင်ပြည်နယ် တနိုင်းဒေသအပါအဝင် ရွှေ့တန်းရှိ တပ်မတော်စစ်ကြောင်းများ ပြန်ရုတ်ခဲ့ပြီး တိုက်ပွဲဖြစ်ပွားမှု မရှိသလောက် နည်းပါးသွားကြောင်း ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးကြီး နော်ဘူမှ ပြောခဲ့သည်။ **"တပ်မတော်ဘက်က ရွှေ့တန်းကို ထိုးထားတဲ့ တပ်မတော်သားတွေတချို့ ပြန်ဆုတ်သွား တာရှိပါတယ်။ ကချင်ပြည်နယ်ရဲ့အပြင်ဘက်ကို ရောက်သွားတာ တော့ မရှိပါဘူး။ တနိုင်း၊ အောင်လော့ဒ်ဘက်မှာလည်း ရွှေ့တန်းမှာရောက်နေတဲ့ တပ်မတော်သားတွေ တချို့ကတော့ မြို့ပေါ် ပြန်ရောက်သွားတဲ့ သဘောဖြစ်ပါတယ်"**ဟု ဗိုလ်မှူးကြီး နော်ဘူမှ ပြောခဲ့သည်။ (7Day)

တနိုင်ငံလုံးပစ်ခတ် တိုက်ခိုက်မှုရပ်စဲရေးသဘောတူ စာချုပ် (NCA) လက်မှတ်ထိုးနိုင်ရေး ဆက်လက်ညှိနှိုင်းရန်ရပ်တန့် နေခြင်းသည် ကရင်နီအမျိုးသား တိုးတက်ရေးပါတီ (KNPP) တပ်ဖွဲ့ဝင်များ သေဆုံးသည့် အမှုကိစ္စ မပြီးပြတ်သေးခြင်းက အဓိက အချက်ဖြစ်ကြောင်း KNPP အတွင်း ရေးမှူး(၂) ခူဒယ်နီရယ်မှ မေလ၃၁ရက်နေ့တွင် ပြောခဲ့သည်။ **"ကျွန်တော်တို့ KNPP အ နေနဲ့ကတော့ ဒီဇင်ဘာလတုန်းက ဖြစ်ခဲ့တဲ့ ကိစ္စတွေကလည်း မပြီး ပြတ်သေးဘူး။ အဓိကကအဲဒါပါ ပဲ"** ဟု ခူဒယ်နီရယ်မှ ပြောခဲ့သည်။ (7Day)

ချင်းပြည်နယ်၊ ကန်ပက်လက်မြို့နယ်တွင် ကြားဖြတ်ရွေးကောက်ပွဲကို မဝင်ဘဲ ပြည်နယ်ပါတီကို ဆန့်ကျင်ဆန္ဒပြရန် ကန်ပက်လက်မြို့နယ် NLD ပါတီ အမှုဆောင်အဖွဲ့များ အားလုံး သဘောတူထားကြောင်း ကန်ပက်လက် မြို့နယ် NLD ပါတီ ဥက္ကဌ ဦးထန်းမနားလိုင်းမှ ပြောခဲ့သည်။ (Khonumthung)

ဇွန်လ ၁ ရက်နေ့တွင် စစ်ပွဲများ ရပ်တန့်ရေး ဆန္ဒပြပွဲ၌ အရပ်ဝတ်နှင့် လူတချို့မှ သတင်းသမားများကို ခြိမ်းခြောက် ပြောဆိုခဲ့သည့်အတွက် မြန်မာသတင်းသမားများ ကာကွယ်ရေး ကော်မတီမှ လူ့အခွင့်အရေး ကော်မရှင်ထံ တိုင်းကြားမှုနှင့် ပတ်သတ်၍ မြန်မာသတင်းသမားများ ကာကွယ်ရေးကော်မတီနှင့် မြန်မာနိုင်ငံ လူ့အခွင့်အရေးကော်မရှင် (MNHRC) တို့ တွေ့ဆုံခဲ့သည်။ တွေ့ဆုံရာတွင် (MNHRC) အနေနှင့် စစ်ဆေး တွေ့ရှိတာများကို ပြည်ထဲရေး ဝန်ကြီးဌာနနှင့် နိုင်ငံတော် သမ္မတကို တင်ပြဆောင်ရွက်သွားမည်ဟု ပြောကြောင်း တွေ့ဆုံရာတွင် ပါဝင်သည့် မြန်မာ သတင်းသမားများ ကာကွယ်ရေး ကော်မတီ ဦးဆောင်အဖွဲ့ဝင် ကိုသာလွန်ဇောင်းထက်မှ ပြောခဲ့သည်။ (RFA)

ဇွန်လ ၁ ရက်နေ့တွင် မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်၊ ကျွန်းရွာ၌ စိုက်ထူထားသည့် မွန်အမျိုးသားပါတီ (MNP) ဆိုင်းဘုတ် ဖျက်ဆီးခဲ့သည့် ပါတီဝင်ဟောင်း မိစန္ဒာနွန်၊ မိစုမွန်နှင့် နိုင်ဉာဏ်လင်းတို့အား ပါတီဂုဏ်သိက္ခာ ကျဆင်း စေသည့်အတွက် MNP မှတရားစွဲဆိုထားသည့်အမှုကို ပထမအကြိမ်ရုံးချိန်း၌ ကျိုက်မရောမြို့နယ် တရားရုံးမှ အာမခံ ပေးခဲ့သည်ဟု ရှေ့နေအဖြစ်လိုက်ပါဆောင်ရွက်သူ ဦးဇော်ဝင်းမှ ပြောခဲ့သည်။ (MonNew)

**နိုင်ငံတော်လျှို့ဝှက်ချက်ဥပဒေဖြင့် တရားစွဲခံရကာ အမှုရင်ဆိုင်နေရသည့် ရိုက်တာ သတင်းထောက်နှစ်ဦးနှင့် ရဲစည်းကမ်း ဥပဒေအရ ထောင်ဒဏ် တစ်နှစ်ပြစ်ဒဏ်ကျခံနေရသည့် ဒုတိယရဲမှူးဟောင်းတို့ သုံးဦးကို ဟံသာဝတီဦးဝင်းတင် ဖောင်ဒေးရှင်းမှ ဂုဏ်ပြုပွဲကျင်းပမည်** ဟု ဖောင်ဒေးရှင်းအဖွဲ့ဝင် ဦးထွန်းကြည်မှ ပြောခဲ့သည်။ (MyanmarNow)

သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS/SSA) အနေနှင့် ကလေးစစ်သားအသုံးပြုမှု ပပျောက်ရေးအတွက် ကမ္ဘာ့ကုလသမဂ္ဂနှင့် ပူးပေါင်းဆောင်ရွက်ဖို့ အသင့်ဖြစ်နေကြောင်း RCSS/SSA မှ စိုင်းလျန်းက ပြောခဲ့သည်။ **"RCSS/SSA အနေနဲ့ ကလေးစစ်သား ရှိလဲမရှိသလို ကလေးစစ်သားအသုံးပြုမှုပေါ်လစီလဲ မရှိတော့ ဒီကိစ္စနဲ့ပတ်သက်ပြီး UN နဲ့ ပူးပေါင်းဆောင်ရွက်ဖို့ အသင့်ဖြစ်နေပါတယ်။ဒီမတိုင်ခင် ကလဲ ကလေးကာကွယ်မှုနဲ့ပတ်သက်ပြီး ကလေးများအတွက် အကာအကွယ်ပေးနေတဲ့ Geneva Call တို့ ILO တို့ နဲ့ Save the Children အဖွဲ့အစည်းတွေနဲ့လဲ ပူးပေါင်းလုပ်ဆောင်နေပါတယ် "** ဟု RCSS/SSA မှ စိုင်းလျန်းက ပြောခဲ့သည်။ (ShanNew)

ဇွန်လ ၆ ရက်နေ့တွင် ဆယ်သဲကျောင်းဆောင်သစ် ဖွင့်ပွဲမိန့်ခွန်း၌ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) အတွင်းရေးမှူး ၁ ခူးဒယ်နီယယ်မှ တရားဝင်ငြိမ်းချမ်းရေးလက်မှတ် မထိုးရသေးပေမယ့် အပစ်အခတ်ရပ်စဲရေးစာချုပ် ချုပ်ဆိုထားသည့် အဖွဲ့အစည်းဖြစ်သည့် KNPP သည် ပြည်နယ်အတွင်းရှိ ပညာရေးအခန်းကဏ္ဍတွင် ပါဝင်ချင်ပေမယ့် အနေ အထားအရ ပါဝင်ခွင့်မရှိသေးသည့် အနေအထားများ ရှိနေကြောင်း ပြောကြားခဲ့သည်။ (Kantarawaddy)

ရှမ်းပြည်နယ် မြောက်ပိုင်းရှိ စစ်ဘေးရှောင်များအား ပြန်လည်ထူထောင်ရေးကိစ္စနှင့် ပတ်သက်၍ ပညာရေးတစ်ပိုင်း တစ်စ ဖြစ်ခဲ့သော လူငယ်များအား ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် သက်မွေးဝမ်းကျောင်း ပညာရပ် သင်ကြား ပေးနိုင်ရန်စီစဉ် ဆောင်ရွက်နေကြောင်း ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးစိုးညွန့်လွင်မှ ပြောခဲ့သည်။ (ShanNew)

တတိယအကြိမ် ၂၁ ရာစုပင်လုံညီလာခံအတွက် ရွေးကောက်ပွဲအနိုင်ရ ၂၃ ပါတီ၏ နိုင်ငံရေးပါတီ အစုအဖွဲ့ စုံညီအစည်းအဝေးကို တနင်္သာရီတိုင်း မြိတ်မြို့၌ ဇွန်လ ၁၁ ရက်နေ့တွင် ပြုလုပ်မည်ဖြစ်ကြောင်း UPDJC အတွင်းရေးမှူးအဖွဲ့ဝင် မွန်အမျိုးသားပါတီ MNP ကိုယ်စားလှယ် မင်းဇေယျာဦးမှ မွန်သတင်းအေဂျင်စီသို့ ပြောခဲ့သည်။ **" ၂၃ ပါတီအနေနဲ့ ကဏ္ဍအလိုက် Workshop တွေ စီးပွားရေး၊ လူမှုရေး ခေါင်းစဉ်အလိုက် ဆွေးနွေးပွဲတွေ ရှိခဲ့တယ်၊ စုံညီ အစည်းအဝေး မလုပ်ဖြစ်တာ ကြာပြီ၊ ပင်လုံညီလာခံပြုလုပ်ဖို့ကလည်း နီးကပ်လာပြီဆိုတော့ တချို့ညှိနှိုင်းစရာတွေ ရှိပါတယ်၊ မြိတ်မှာ ၂ ရက်လောက် လုပ်ဖို့ရှိတယ်"** ဟု မင်းဇေယျာဦးမှ ပြောခဲ့သည်။ (MonNew)

တတိယအကြိမ် ၂၁ ရာစုပင်လုံညီလာခံတွင် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) ရဲ့ သဘောထားကို တင်ပြခွင့်ရမည်ဆိုပါက ညီလာခံတက်ရောက်ရန် စဉ်းစားမည်ဟု KNPP အထွေထွေအတွင်းရေးမှူး ဦးရွှေမျိုးသန့်မှ ပြောခဲ့သည်။ **" ၂၁ ပင်လုံမှာ ကျနော်တို့ KNPP ရဲ့သဘောထားကို တင်ပြခွင့်ရမယ်ဆိုရင်တော့ ညီလာခံတက်ဖို့ စဉ်းစားမှာပေါ့လေ"** ဟု ဦးရွှေမျိုးသန့်မှ ပြောခဲ့သည်။ (KNPP)

ဇွန်လ ၇ ရက်နေ့က ဂျပန်အခြေစိုက် အဆာဟိရှင်ဘွန်း သတင်းစာနှင့် အင်တာဗျူးတွင် ဒေါ်အောင်ဆန်းစုကြည်မှ ရခိုင်ပြည်နယ် ပဋိပက္ခများ ဖြေရှင်းရန် နိုင်ငံခြားဥပဒေအကြံပေးများ အပါအဝင် ပြည်ပ အကူအညီများ ကို ရယူရန် ဆန္ဒရှိ ကြောင်းပြောသည်။ (7Day) (AsahiShimbun)

ဇွန် ၇ ရက်နေ့တွင် နေပြည်တော်၌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ဂျပန်နိုင်ငံ NHK သတင်း ဌာနမှ သီးသန့် တွေ့ဆုံ မေးမြန်းခဲ့သည်။ အပြည့်အစုံအား အောက်ပါလင့်ခ်တွင် ဝင်ရောက်ကြည့်နိုင်ပါသည်။ (ScOffice) (MOI) (NHK) (NHK)

ဇွန် ၉ ရက် နေ့လည်ပိုင်း၌ ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ ဟိုတယ်ရန်ကုန်တွင် သေနင်္ဂမဟာဗျူဟာ လေ့လာရေး အဖွဲ့မှ ဦးစီး ပြုလုပ်သော "ရခိုင်ပြည်နယ်အရေး နိုင်ငံတကာ စံနှုန်းများနှင့် အမျိုးသားလုံခြုံရေးအမြင်"ဆွေးနွေးပွဲတွင် ရခိုင် ပြည်နယ်မှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်နေသော နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေး အစီအစဉ် အတွက် မြန်မာအစိုးရမှ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး (UNHCR) ကို ပါဝင်ခွင့်ပြုလိုက်ခြင်းမှာ စိုးရိမ် စရာဖြစ်ကြောင်း ယခင်အစိုးရ သမ္မတဦးသိန်းစိန်၏အကြံပေးတစ်ဦးဖြစ်သူ ဒေါက်တာဒေါ်ရင်ရင်နွယ်မှပြောခဲ့သည်။ (MyanmarTime)

ဇွန်လ ၁၂ ရက်နေ့တွင် မြန်မာနိုင်ငံကို ဒုက္ခပေးရန် ရည်ရွယ်၍ ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ်က G-7 အစည်းအဝေးသို့ သွား ရောက်ပြီး ရိုဟင်ဂျာဒုက္ခသည်များအား ဘေးရန်ကင်းပြီး ခိုင်မာသည့် အခြေအနေမျိုးဖြင့် မူရင်းနေရပ်ပြန်နိုင်ရေး၊ နှစ်နိုင်ငံ သဘောတူညီချက်များကို အကောင်အထည်ဖော်ရန် မြန်မာနိုင်ငံအား စည်းရုံးရန် နှင့် ရခိုင်ပြည်နယ်အရေး အကြံပေးကော်မရှင်ရဲ့ အကြံပြုချက်များကို အမြန်အကောင်အထည်ဖော်ရန်တို့ကို တောင်းဆိုရန် ဖြစ်ပြီး မြန်မာနိုင်ငံကို ဒုက္ခပေးရန် ရည်ရွယ်သည် ဟု သူရရွှေမန်းမှ ၎င်း၏ လူမှုကွန်ယက် စာမျက်နှာပေါ်တွင် ရေးခဲ့သည်။ (ThuraShweMann) (MyanmarTime)

မွန်ပြည်နယ် မော်လမြိုင်မြို့တွင် အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ (၇) ကြိမ်မြောက် ငြိမ်းချမ်း ရေးစကားဝိုင်းကို ပြုလုပ်မည်ဟု မွန်ပြည်နယ် အရပ်ဘက်အဖွဲ့ အစည်းများကွန်ရက် ညှိနှိုင်းရေးမှူး မင်းအောင် ထူးမှ ပြောခဲ့သည်။ (7Day)

## တိုင်းရင်းသားပါတီများ

ရှမ်းပြည်မြောက်ပိုင်း နမ့်ခမ်းမြို့နယ် ကျားခေါင်းပါတီ အလုပ်အမှုဆောင်ပြန်လည်ရွေးကောက်ခြင်း ၂ နှစ်ပြည့်အခမ်း အနားကို နမ့်ခမ်းမြို့နယ်၌ ပြုလုပ်ရာ ဒေသခံလူထု ၁၀၀၀ ကျော် တက်ရောက်ခဲ့သည်။ အခမ်းအနားတွင် ဒေသခံ လူထုအား မြို့နယ်ဥက္ကဌ စိုင်းယီပူး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် စိုင်းဝမ်းလျန်ခမ်းနှင့် နမ္မတူမြို့နယ် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် နန်းခမ်းအေးတို့မှ ပါတီ လုပ်ငန်းစဉ်များနှင့်အတူ လွှတ်တော်တွင်းအတွေ့အကြုံများအား အသီးသီး ရှင်းလင်းပြောခဲ့သည်။ (ShanNew)

မေလ ၂၉ ရက်နေ့တွင် မွန်ဒေသလုံးဆိုင်ရာဒီမိုကရေစီပါတီ (AMDP) နှင့် မွန်အမျိုးသားပါတီ (MNP) တို့ပူးပေါင်း၍ မုဒုံမြို့နယ် MNP ရုံးခန်းမ၌ အခြေခံဖက်ဒရယ်သဘောတရားဆိုင်ရာ သင်တန်း ပြုလုပ်ခဲ့ရာ မြို့နယ်၊ ကျေးရွာအဆင့် ပါတီဝင် ၇၀ ဦးခန့် တက်ရောက်ခဲ့သည်။ မွန် ၂ ပါတီ ပူးပေါင်း၍ မြို့နယ်၊ ကျေးရွာအဆင့်ပါတီဝင်များ Workshop သင်တန်းများ အတူဆောင်ရွက်ခြင်းသည် ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာစေပြီး ၂ ပါတီပေါင်းစည်းရေး မကြာမီအောင်မြင်လိမ့်မည်ဟု မျှော်လင့်ကြောင်း သက်ဆိုင်ရာပါတီဝင်များမှ ပြောခဲ့သည်။ (MonNew)

**နိုဝင်ဘာလတွင် ကျင်းပမည့်ကြားဖြတ် ရွေးကောက်ပွဲတွင် ပူးပေါင်းထားသည့် ကချင်သုံးပါတီကိုယ်စား အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ် ၂ မြစ်ကြီးနားနေရာအတွက် ယှဉ်ပြိုင်မည်** ဟု ကချင်ပြည်နယ် ဒီမိုကရက်တစ်ပါတီ (KDP) ပါတီ ဥက္ကဌ ဦးအောင်ခမ်းမှ ပြောခဲ့သည်။ (KachinWave)

ဇွန်လ ၆ ရက်နေ့တွင် ရှမ်းပြည်နယ် တောင်ကြီးမြို့၌ ပြုလုပ်သည့် ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ် (SNLD) ဗဟိုအလုပ်မှုဆောင်ကော်မတီ အစည်းအဝေးတွင် ကြားဖြတ်ရွေးကောက်ပွဲ လစ်လပ် မဲဆန္ဒနယ်မြေ ၂ ခု၌ ဝင်ရောက် ယှဉ်ပြိုင်ရန် ဆုံးဖြတ်ခဲ့သည်ဟု SNLD ပါတီ၏ အထွေထွေ အတွင်းရေးမှူး ဦးစိုင်းညွန့်လွင်မှပြောခဲ့သည်။ လဲချားမြို့နယ် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်နေရာနှင့်မန္တလေးတိုင်း ရှမ်းတိုင်းရင်းသားရေးရာဝန်ကြီး နေရာများတွင် ဝင်ရောက် ယှဉ်ပြိုင်မည်ဖြစ်သည် ဟု ဦးစိုင်းညွန့်လွင်မှ ပြောခဲ့သည်။ (RFA)

ဇွန်လ ၇ ရက်နေ့တွင် မွန်နိုင်ငံရေး ပါတီတစ်ခုဖြစ်သည့် အမျိုးသမီးပါတီ (မွန်) သည် လာမည့် ၂၀၂၀ ရွေးကောက်ပွဲကို ဝင်ရောက်ယှဉ်ပြိုင် သွားမည်ဖြစ်ကြောင်း ပါတီဥက္ကဋ္ဌ မိသန်းရှင်မှ ပြောခဲ့သည်။ ယှဉ်ပြိုင်ရာတွင် ဆန္ဒမဲ မကွဲစေရန်အတွက် မွန်ပါတီများ ရှိသည့် နေရာများ၌ ဝင်ရောက် ယှဉ်ပြိုင်မည်မဟုတ်ဘဲ နေရာလွတ်သော နေရာများတွင်သာ ယှဉ်ပြိုင်ရန် စီစဉ်ထားသည်ဟု မိသန်းရှင်မှ ပြောခဲ့သည်။ (HninThar)

## အခြား

မေလ ၂၉ ရက်နေ့တွင် ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး၌ နိုင်ငံတော်လျှို့ဝှက်ချက် ဥပဒေ နှင့် တရားစွဲဆိုခံနေရသည့် ရိုက်တာသတင်းထောက် နှစ်ဦး၏အမှုကို စစ်ဆေးခဲ့ရာတွင် သူတို့နှစ်ဦး၏ လက်ကိုင်ဖုန်းများအား ရဲတပ်ဖွဲ့မှ ရှာဖွေခွင့် ဝရမ်း မပါဘဲ ရယူစစ်ဆေးခဲ့သည်ဟု သက်သေဖြစ်သူ ရဲမှူး အောင်ကျော်ဆန်းမှ ထွက်ဆိုခဲ့သည်။ တရားလို ရဲမှူး အောင်ကျော်ဆန်းမှ ရိုက်တာသတင်းထောက်နှစ်ဦးဆီမှ သိမ်းထားသည့် တယ်လီဖုန်းမှ သက်သေ အထောက်အထား တင်ပြချက်များသည် လျှို့ဝှက်ချက် စာရွက်စာတမ်းတွေမဟုတ်ဟု သတင်းထောက်နှစ်ဦး၏ ရှေ့နေ ဦးသန်းဇော်အောင်မှ ပြောခဲ့သည်။ (RFA) (RFA) (Mizzima) (Irrawaddy) (Popular)

မေလ ၃၀ ရက်နေ့တွင် နေပြည်တော်၌ တပ်မတော်သတင်းမှန်ထုတ်ပြန်ရေး ဦးစီးကော်မတီနှင့် သတင်းမီဒီယာ ကောင်စီတို့ တွေ့ဆုံခဲ့ပြီး သတင်းအချက်အလက်များမေးမြန်းနိုင်ရန် တပ်မတော်မှ ထုတ်ပြန်ထားသည့် ဖုန်းနံပါတ်တွေ၊ အီးမေးတွေကို အသက်ဝင်အောင်ဆောင်ရွက်ပေးရန် သတင်းမီဒီယာကောင်စီဘက်မှ တိုက်တွန်း ပြောဆိုခဲ့သည်။ (RFA)

မေလ ၃၁ ရက်နေ့တွင် ပဲခူးတိုင်း ပြည်မြို့၌ စစ်ပွဲများရပ်တန့်ရန် တောင်းဆိုဆန္ဒပြခဲ့သည့်အတွက် တရားစွဲခံထားရသည့်အမှုများကို ရုပ်သိမ်းပေးရန် အခြေခံပညာ ကျောင်းသားသမဂ္ဂ (အကသ) ကျောင်းသားများမှ ဆန္ဒပြတောင်းဆိုရာ ဆန္ဒပြသူတွေထဲမှ ၈ ဦးကို ပြည်မြို့ရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့သည်။ (RFA)

ဇွန်လ ၁ ရက်နေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်ဧည့်ခန်းမ၌ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့် အဖွဲ့ဝင်များအား တွေ့ဆုံခဲ့သည်။ တွေ့ဆုံစဉ် နိုင်ငံတော်သမ္မတက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အနေဖြင့် လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲများ အောင်မြင်စွာ ပြုလုပ်နိုင်ရန်နှင့် နိုင်ငံရေးပါတီများအား ကြပ်မတ်ဆောင်ရွက်ရန် စသည်တို့ကို ပြောခဲ့သည်။ တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူ၊ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း၊ ကော်မရှင်အဖွဲ့ဝင်များဖြစ်သည့် ဦးအောင်မြင့်၊ ဦးစိုးရယ်၊ ဦးထွန်းခင်၊ ဦးလှတင့်၊ ဦးမြင့်နိုင်နှင့် ဦးသန်းဌေးတို့ တက်ရောက်ခဲ့သည်။ (PresidentOffice) (MOI)

ဇွန်လ ၁ ရက်နေ့တွင် ရန်ကုန်မြို့ ရွှေလီလမ်း အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ၌ ကချင်ပြည်နယ်တွင်း တိုက်ပွဲများကြောင့် နေရပ်စွန့်ခွာထွက်ပြေးနေရသည့် စစ်ဘေးဒုက္ခသည်များ၏ စားဝတ်နေရေးအတွက် မြန်မာနိုင်ငံအခြေစိုက် တရုတ်နိုင်ငံသံရုံးမှ ငွေကျပ်သိန်း ၄၀၀ လာရောက်လှူဒါန်းခဲ့သည်။ NRPC ဗဟိုဌာန ဒုတိယ ဥက္ကဋ္ဌ ဒေါက်တာ တင်မျိုးဝင်းမှ တရုတ်နိုင်ငံ၏ ငြိမ်းချမ်းရေးနှင့် ပတ်သက်သည့် အကူအညီများကို ကျေးဇူးတင်ကြောင်း ပြောခဲ့သည်။ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာ ဟုန်လျန်မှလည်း ကချင်ပြည်နယ်တွင် ဖြစ်ပွားနေသည့် တိုက်ပွဲများ အမြန်ဆုံး ရပ်စဲရန် မျှော်လင့်ကြောင်း ပြောခဲ့သည်။ (RFA) (BBC) (Mizzima)

ဇွန်လ ၄ ရက်နေ့တွင် တပ်မတော် အသရေဖျက်မှုဖြင့် တရားစွဲခံရသော စစ်ရှောင်ပြည်သူများ လွတ်မြောက်ရေး ကချင်လူငယ် ဆန္ဒပြခေါင်းဆောင် (၃)ဦး အမှုအား မြစ်ကြီးနားမြို့နယ် တရားရုံးတွင် (၄) ကြိမ်မြောက် ရုံးချိန်း စစ်ဆေးခဲ့သည်။ အမှုကို ဆန္ဒပြခေါင်းဆောင် (၃)ဦး ၏ရှေ့နေများမှ ကချင်ပြည်နယ် တရားလွှတ်တော် သို့ အမှု ချေဖျက်လွှာ လျှောက်တင်ရာ လက်ခံ စစ်ဆေးမည် ဖြစ်သောကြောင့် မြို့နယ်တရားရုံး၌ အမှုစစ်ဆေးခြင်းကို ယာယီ ရပ်နားထားပြီး စစ်ဆေးမှုကို ဇွန် ၁၈ ရက်နေ့ သို့ ချိန်းဆိုခဲ့သည်။ (KachinNew)

ဇွန်လ ၅ ရက်နေ့ နေ့လည်ပိုင်းတွင် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) ၏ ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင် ဗိုလ်မှူးကြီးအောင်မိန်းသည် သွေးတိုးရောဂါဖြင့် RCSS ဌာနချုပ် လွိုင်တိုင်းလျှံနီးရှိ နေအိမ်၌ ကွယ်လွန် ကြောင်း TaiFreedom သတင်းဌာနတွင် ဖော်ပြခဲ့သည်။ (TaiFreedom)

ဇွန်လ ၈ ရက်နေ့ နေ့လည် ၁၁ နာရီတွင် ရှမ်းပြည် တောင်ကြီးမြို့၌ ပအိုဝ်းတိုင်းရင်းသားတွေ အများစုပါဝင်သည့် တပ်မတော်ထောက်ခံပွဲတရပ် ပြုလုပ်ခဲ့သည်။ (ShanNew) (BBC)

ဇွန်လ ၈ ရက်နေ့တွင် ပြည်ထောင်စု မြန်မာနိုင်ငံအမျိုးသား ညွန့်ပေါင်းအစိုးရ (NCGUB) အဖွဲ့ကို မတရားအသင်းမှ ပယ်ဖျက်လိုက်သည်ဟု ပြည်ထဲရေး ဝန်ကြီးဌာနမှ ကြေညာချက် တစောင်ထုတ်ပြန်ခဲ့သည်။ (RFA) (BBC)

ဇွန်လ ၈ ရက်နေ့တွင် ပြုလုပ်သည့် မွန်ပြည်နယ်လွှတ်တော် အစည်းအဝေး၌ မွန်ပြည်နယ် ကိုယ်စားပြုအလံအဖြစ် အနီ ရောင်အောက်ခံနှင့် ရွှေဟင်္သာရုပ် ပါဝင်သည့် အလံကိုကန့်ကွက်သူမရှိ အတည်ပြုခဲ့သည်ဟုမွန်ပြည်နယ်လွှတ်တော် ဒုဥက္ကဋ္ဌ ဒေါက်တာအောင်နိုင်ဦး မှပြောခဲ့သည်။ (RFA)

တနင်္သာရီတိုင်း ထားဝယ်ခရိုင် ထိုင်း-မြန်မာနယ်စပ် ထီးခီးနယ်စပ်ဂိတ်ရှိ တာဝန်ကျ အစိုးရအရာရှိအချို့ နှင့် ကရင် အမျိုးသား အစည်းအရုံး (KNU) တပ်ဖွဲ့ဝင် အချို့ပူးပေါင်း၍ အဂတိ လိုက်စားမှုပြုလုပ်နေကြောင်း နိုင်ငံတော်သမ္မတထံ တိုင်ကြားမှုအပေါ် အဆိုပါဒေသရှိ တပ်ဖွဲ့ဝင်များပါဝင်ကြောင်း စစ်ဆေးပေါ်ပေါက်ပါက အရေးယူမည်ဟု KNU တပ်မဟာ (၄) မြိတ်-ထားဝယ်ခရိုင် ဥက္ကဋ္ဌ စောဆာပိတုမှ ပြောခဲ့သည်။ **"အစိုးရကတော့ သူ့လူသူ စစ်ရမှာပဲ။ ဌာနဆိုင်ရာက စားတာ၊ မစားတာကျွန်တော်တို့နဲ့ မဆိုင်ဘူး။ KNU တပ်ဖွဲ့ဝင်တွေ မှားယွင်းတယ်ဆိုရင် ကျွန်တော် တို့အရေးယူသွားမယ်။ Resort (အပန်းဖြေစခန်း) တွေဖွင့်ထားတာရှိပါတယ်။ လောင်းကစားက ကာစီနို အဆင့် လောက်တော့ မဟုတ်ပါဘူး။ သူတို့ဟာသူတို့လာပြီး အပျော်တမ်းကစားတာရှိချင် ရှိမှာပေါ့'** ဟု ဥက္ကဋ္ဌ စောဆာ ပိတုမှ ပြောခဲ့သည်။ (7Day)

ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး တာဝန်ယူခဲ့သူ ဗိုလ်ချုပ်အောင်စိုးသည် တပ်မတော်စစ်ဆေးရေးအရာရှိချုပ် အဖြစ် တာဝန်ထမ်းဆောင်မည် ဖြစ်ကြောင်း တပ်မတော်အရာရှိ တဦးမှ Irrawaddyသတင်းဌာနသို့ ပြောခဲ့သည်။ (Irrawaddy)

ဇွန်လ ၁၁ ရက်နေ့တွင် မြန်မာနိုင်ငံ အစိုးရလျှို့ဝှက်ချက် အက်ဥပဒေနှင့် တရားစွဲဆိုခံထားရသည့် ရိုက်တာ သတင်းထောက် ကိုဝလုံးနှင့် ကိုကျော်စိုးဦးတို့ကို ရန်ကုန်မြောက်ပိုင်းခရိုင် တရားရုံး၌ ရုံးထုတ် စစ်ဆေးခဲ့သည်။ ရုံးထုတ်၌ သတင်း ထောက်နှစ်ဦး၏အမှုတွင် ဖမ်းဆီးပြီးနောက် ညတွင်းချင်းပင် မရမ်းကုန်းမြို့နယ်ရှိ အောင်သပြေ ရဲစစ်ကြောရေး စခန်းသို့ ပို့ကာ သုံးရက်တိတိ ပေးမအိပ်ဘဲစစ်မေးကြောင်း၊ သတင်းထောက်တစ်ဦးကိုလည်း ဒူးထောက်ခိုင်းပြီး စစ်မေးကြောင်း သတင်းထောက် နှစ်ဦး၏ရှေ့နေ ဦးသန်းဇော်အောင်မှ ပြောခဲ့သည်။ ထို့အပြင် ဇွန်လ ၈ ရက်နေ့တွင် ဂျပန် အခြေစိုက် NHK သတင်း ဌာနနှင့် တွေ့ဆုံမေးမြန်းခန်း၌ ဒေါ်အောင်ဆန်းစုကြည်မှ **"တခြားကိစ္စ တွေလည်း ရှိသေးတယ်။ ကျမထင်တာ ကတော့ ရှင်တို့လည်း တရားစီရင်နေတာ လေ့လာမယ် ဆိုရင် အစိုးရလျှို့ဝှက် ဥပဒေ ချိုးဖောက်မှုမှာ တခြားဘာကိစ္စတွေ ပတ်သက်နေလဲဆိုတာ ရှင်တို့သဘောပေါက်မှာပါ"** ဟု ဖြေကြားမှုအပေါ် ဖမ်းဆီးခံရသူသတင်းထောက် နှစ်ယောက်မှ စိတ်မကောင်း ဖြစ်နေသည်ဟု ဖမ်းဆီးခံရသူ သတင်းထောက် ကိုဝလုံးမှ ပြောခဲ့သည်။ (RFA) (MyanmarNow) (Irrawaddy) (BBC)

ဇွန်လ ၁၂ ရက်နေ့တွင် ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး၌ နိုင်ငံတော်လျှို့ဝှက်ချက်ဥပဒေချိုးဖေါက်မှုနှင့် တရားစွဲဆို ခံနေရသည့် Reuters သတင်းထောက် ကိုဝလုံးနှင့် ကိုကျော်စိုးဦးတို့ အဖမ်းအဆီးခံနေရတာ ၆လပြည့်ပြီ ဖြစ်သည့် အတွက် များစွာနစ်နာရကြောင်း သတင်းထောက်များမှ ပြောခဲ့သည်။ ကိုကျော်စိုးဦးမှ **"ကျနော်တို့ အရမ်းကို နစ်နာပါတယ်။ ဒီနေ့လည်း တရားလိုဘက်က သက်သေမလာဘူး။ အမှုကို မကြာ ကြာအောင် လုပ်နေသလိုပါပဲ။ ကျနော်တို့ ဆက်လက် လုပ်ရမယ့် အလုပ်တွေကို လုပ်လို့ မရဘူး။ အကျဉ်းစံဘဝနဲ့ နေနေ ရပါတယ်"** ဟုပြောခဲ့သည်။ (VOA) (Mizzima) (Irrawaddy) (Frontier)

ဇွန်လ ၁၄ ရက်နေ့တွင် နေပြည်တော်မှ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် မှတ်ပုံတင် ခွင့်ပြုထားသည့် နိုင်ငံရေး ပါတီတွေ တွေ့ဆုံဖို့ ကော်မရှင်မှ ဖိတ်ကြားထားသည်ဟု ဖက်ဒရယ်ပြည်ထောင်စုပါတီဥက္ကဋ္ဌ ဦးစောသန်းမြင့်မှ ပြောခဲ့သည်။ တွေ့ဆုံပွဲတက်ရောက်မယ့် ပါတီတာဝန်ရှိသူတွေကို စည်းပင်ညှော်ရိပ်သာမှာ တည်းခိုနိုင်ဖို့ ကော်မရှင်ဘက်မှ စီစဉ်ထားသည်ဟု ဦးစောသန်းမြင့်မှပြောခဲ့သည်။ (RFA)

ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) အဖွဲ့အား တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူ စာချုပ် NCA လက်မှတ်ရေးထိုးရန်နှင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို အတူတကွ အကောင်အထည်ဖော်နိုင်ရန် NCA အပစ်ရပ် ခေါင်းဆောင်များမှ ဇွန်လ ၁၄ ရက်နေ့တွင် တွေ့ဆုံဆွေးနွေးမည်ဟု ရခိုင်ပြည်လွတ်မြောက်ရေးပါတီ ALP ဒုဥက္ကဌ ၁ ဦးခိုင်စိုးနိုင်အောင် မှ ပြောခဲ့သည်။ (NMG)

## နိုင်ငံတကာဆက်ဆံရေး

မေလ ၂၉ ရက်နေ့တွင် စစ်တွေမြို့ ရခိုင်အမျိုးသားပါတီ (ANP) ပါတီဗဟိုဌာနချုပ်ရုံး၌ မြန်မာနိုင်ငံဆိုင်ရာ ဂျပန် သံအမတ်ကြီး Mr. Ichiro Maruyama နှင့် ANP တို့ တွေ့ဆုံခဲ့သည်။ တွေ့ဆုံရာတွင် ရခိုင်ပြည်နယ်မှ ဘင်္ဂလားဒေ့ရှ် နိုင်ငံသို့ ထွက်ပြေးသွားကြသူများ အရေးကိစ္စနှင့် ပတ်သက်ပြီး ဆွေးနွေးခဲ့သည်ဟု ANP ၏ အထွေထွေအတွင်းရေးမှူး ဦးထွန်းအောင်ကျော်မှ ပြောခဲ့သည်။ (RFA)

မေလ ၂၉ ရက်နေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ကလေး သူငယ်နှင့် လက်နက်ကိုင် ပဋိပက္ခဆိုင်ရာ အထူးကိုယ်စားလှယ် Ms. Virginia Gamba ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံခဲ့သည်။ (ScOffice) (RFA)

မေလ ၂၉ ရက်နေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ကလေးသူငယ်နှင့် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ အထူးကိုယ်စားလှယ် Ms. Virginia Gamba ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံခဲ့သည်။ တွေ့ဆုံထဲ့ရာတွင် ကလေးစစ်သားစုဆောင်းမှုများနှင့် လွတ်တော်မှ အတည်ပြုရန်လိုသေးသည့် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ဥပဒေကြမ်းအမြန်ဆုံး အတည်ပြုနိုင်ရေးနှင့် အမျိုးသမီးများနှင့် ကလေးသူငယ်များသည် အကြမ်းဖက်မှု၊ လူ့အခွင့်အရေး ချိုးဖောက်မှုအများဆုံး ခံနေရသည့်အတွက် ကြိုတင်ကာကွယ်များ ပြုလုပ်ရန်လိုအပ်သည့် အကြောင်းများ ဆွေးနွေးခဲ့သည်။ (ScOffice) (RFA)

မေလ ၃၀ ရက်နေ့ နေ့လည် ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေး ဝန်ကြီးဌာန၌ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် မြန်မာနိုင်ငံဆိုင်ရာ စပိန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Emilio De Miguel Calabia တို့ တွေ့ဆုံခဲ့သည်။ တွေ့ဆုံရာတွင် မြန်မာ-စပိန် နှစ်နိုင်ငံ ဆက်ဆံရေးနှင့် စိုက်ပျိုးရေး၊ ခရီးသွားလုပ်ငန်း တိုးမြှင့်ရေး စသည့်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။ (ScOffice) (MOI)

မေလ ၃၀ ရက်နေ့ နံနက် (၁၀) နာရီတွင် နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးဧည့်ခန်းမ၌ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်းနှင့် မြေမြှုပ်မိုင်း တားဆီးပိတ်ပင်ရေးစာချုပ်ဆိုင်ရာ အထူးကိုယ်စားလှယ် ဂျော်ဒန်နိုင်ငံမင်းသား Prince Mired Ra'ad A1-Hussein ဦးဆောင်အဖွဲ့တို့ တွေ့ဆုံရာတွင် မြေမြှုပ်မိုင်း တားဆီးပိတ်ပင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် မြေမြှုပ်မိုင်းရှင်းလင်းရေး လုပ်ငန်းများတွင် ပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ပြီး၊ တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်နှင့် တာဝန် ရှိသူများ တက်ရောက်ခဲ့သည်။ (MOI)

မေလ ၃၁ ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင် ရိပ်သာဧည့်ခန်းမဆောင်၌ ဒုတိယတပ်မတော်ကာကွယ် ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီး H.E.Mr. Hong Liang နှင့် တွေ့ဆုံခဲ့သည်။ တွေ့ဆုံရာတွင် မြန်မာ-တရုတ်နှစ်နိုင်ငံ ဆက်ဆံရေး နှင့် ဘက်စုံမဟာဗျူဟာမိတ်ဖက် ဆက်ဆံရေး အခြေအနေများ၊ နှစ်နိုင်ငံတပ်မတော်နှစ်ရပ် အကြား အဆင့်လိုက်ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန်လည်ပတ်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။ တွေ့ဆုံပွဲသို့ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ တာဝန်ရှိသူတို့ တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံသံအမတ်ကြီးနှင့်အတူ စစ်သံမှူး Senior Colonel Xiong Shaowei နှင့်တာဝန်ရှိသူတို့ တက်ရောက်ခဲ့သည်။ (Military)

ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသွားသူများ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်ကို အထောက်အပံ့ပြုနိုင်ရေးအတွက် မြန်မာအစိုးရနှင့် ကုလသမဂ္ဂအေဂျင်စီများအကြား နားလည်မှုစာချွန်လွှာအား ကနဦး လက်မှတ်ရေးထိုးကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနမှ မေလ ၃၁ ရက်နေ့ ရက်စွဲဖြင့် ကြေညာချက်တစောင် ထုတ်ပြန်ခဲ့သည်။ (ScOffice)

ဇွန်လ ၅ ရက်နေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ အတိုင်ပင်ခံပုဂ္ဂိုလ်၊ ဒေါ်အောင်ဆန်း စုကြည်သည် ဒိန်းမတ်ပါတီများနှင့် ဒီမိုကရေစီဆိုင်ရာ အဖွဲ့အစည်း၏ ဘုတ်အဖွဲ့ဥက္ကဋ္ဌ Mr. Henrik Bach Mortensen အား တွေ့ဆုံခဲ့ပြီး မြန်မာနိုင်ငံ ဒီမိုကရေစီအသွင်ကူးပြောင်းရေးများတွင် ပါဝင်ကူညီမှဲ့အကြောင်းများ ဆွေးနွေးခဲ့သည်။ (ScOffice)

ဇွန်လ ၆ ရက်နေ့တွင် ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသွားသူများအား ပြန်လည်လက်ခံရေး လုပ်ငန်းစဉ်ကို အထောက်အပံ့ပြုနိုင်ရေးအတွက် မြန်မာအစိုးရနှင့် ကုလသမဂ္ဂ အေဂျင်စီများအကြား နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့ကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံးမှ ကြေငြာချက်တစောင် ထုတ်ပြန်ခဲ့သည်။ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲ အခမ်းအနားတွင် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက အဖွင့်အမှာစကား ပြောကြားခဲ့ပြီးနောက် အလုပ်သမား၊ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်နှင့် ကုလသမဂ္ဂ ဌာနညှိနှိုင်းရေးမှူး UN Resident Coordinator ၊ ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး ကိုယ်စားလှယ် UNHCR representative တို့က နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့သည်။ နားလည်မှု စာချွန်လွှာ လက်မှတ် ရေးထိုးပွဲ အခမ်းအနားသို့ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးများ၊ သံတမန်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများနှင့် ဧည့်သည်တော်များ တက်ရောက်ခဲ့သည်။ နားလည်မှုစာချွန်လွှာအား ၂၀၁၈ ခုနှစ် မေလ ၃၁ ရက်နေ့တွင် ကနဦးလက်မှတ်တို ရေးထိုးခဲ့ပြီး လိုအပ်သည့် လုပ်ထုံးလုပ်နည်းများ ဆောင်ရွက်ပြီး သည့်နောက် ဇွန်လ ၆ ရက်နေ့တွင် လက်မှတ် ရေးထိုးခဲ့ခြင်း ဖြစ်သည်။ (Popular) (ScOffice)

ဇွန်လ ၇ ရက်နေ့ နေ့လည် ၁ နာရီတွင် နေပြည်တော်ရှိ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ရုံး ဧည့်ခန်းမ၌ မြန်မာနိုင်ငံ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ ဦးအောင်ကြည်နှင့် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံ သံအမတ်ကြီး မစ္စတာ စကော့အလန်မာစီရယ် နှင့်အဖွဲ့အား တွေ့ဆုံခဲ့သည်။ တွေ့ဆုံစဉ် အဂတိ လိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်က ဆောင်ရွက်နေသည့် အဂတိ လိုက်စားမှု တားဆီး ကာကွယ်ရေးနှင့် စုံစမ်းစစ်ဆေးရေးကိစ္စ၊ သတင်းပေး တိုင်ကြားသူကို အကာအကွယ်ပေးရေးကိစ္စ၊ အဂတိလိုက်စား မှုနှင့် ပတ်သက်၍ ပြည်သူလူထု၏ အမြင်စစ်တမ်း ကောက်ယူရေး ကိစ္စများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့သည်။ (MOI)

ဇွန် ၈ ရက်တွင် ဒိန်းမတ်နိုင်ငံ ကိုပင်ဟေဂင်မြို့၌ ကိုဖီအာနန်ဖောင်ဒေးရှင်းနှင့် ဒိန်းမတ်နိုင်ငံခြားရေးဝန်ကြီးဌာနတို့ ပူးပေါင်းပြုလုပ်သည့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ ဆောင်ရွက်ချက်များနှင့် အတွေ့အကြုံများ မျှဝေရေး ဆိုင်ရာ အဆင့်မြင့်စားပွဲဝိုင်းဆွေးနွေးပွဲကို ပြုလုပ်ခဲ့သည်။ ဆွေးနွေးပွဲသို့ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည် ထောင်စုဝန်ကြီး ပြည်ထောင်စုအစိုးရအဖွဲ့၏ အမျိုးသားလုံခြုံရေး ဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်းနှင့် လူမှုဝန် ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးတို့ တက်ရောက်ခဲ့ပြီး၊ ရခိုင် ပြည်နယ်နှင့် ပတ်သက်၍ အခြေအနေများအား ပြောခဲ့သည်။ (MOI)

ဇွန်လ ၉ ရက်နေ့ နေ့လည်ပိုင်းတွင် ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ဧည့်ခန်းမဆောင်၌ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဗီယက်နမ် တပ်မတော် အမျိုးသားကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Senior Lieutenant General Tran Don တို့ တွေ့ဆုံခဲ့သည်။ တွေ့ဆုံပွဲသို့ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယ ဗိုလ်ချုပ်ကြီး ညိုစောနှင့် တပ်မတော်အရာရှိကြီးများ တက်ရောက်ခဲ့ပြီး ဗီယက်နမ်တပ်မတော် အမျိုးသားကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဗီယက် နမ်နိုင်ငံ သံအမတ်ကြီး H.E. Dr. Luan Thuy Duong၊ စစ်သံမှူးနှင့် ဗီယက်နမ်တပ်မတော်မှ အရာရှိကြီးများ တက်ရောက် ခဲ့သည်။ (Military)

ဇွန်လ ၁၁ ရက်နေ့ နံနက် ၉ နာရီတွင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ ကာကွယ်ရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်းသည် ဗီယက်နမ် တပ်မတော် အမျိုးသားကာကွယ်ရေး ဝန်ကြီးဌာန ဒုတိယ ဝန်ကြီး Senior Lieutenant General Tran Don နှင့် အဖွဲ့တို့ တွေ့ဆုံခဲ့ပြီး တွေ့ဆုံစဉ် နှစ်နိုင်ငံတပ်မတော် များအကြား ပူးပေါင်းဆောင်ရွက်ရေးနှင့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့များ အပြန်အလှန် စေလွှတ်နိုင်ရန် ဆွေးနွေးခဲ့သည်။ (MOI)

ဇွန်လ ၁၁ ရက်နေ့တွင် ဂျပန်နိုင်ငံ၌ ပြုလုပ်သည့် (၂၄) ကြိမ်မြောက် အာရှအနာဂတ်ဆိုင်ရာနိုင်ငံတကာ ဆွေးနွေးပွဲသို့ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။ အစည်းအဝေး ပထမနေ့တွင် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့်အဖွဲ့သည် နှစ်နိုင်ငံ ချစ်ကြည်ရေးအတွက် ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး Mr. TaroKono ၊ အတွင်းဝန်ချုပ် Mr. Yoshihide Suga ၊ စီးပွား ရေး၊ ကုန်သွယ်ရေးနှင့် စက်မှုရေးရာ ဝန်ကြီးဌာနဝန်ကြီး Mr.Hiroshige Seko နှင့် နိပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံ၏ အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ ဂျပန်နိုင်ငံအစိုးရ၏ အထူးကိုယ်စားလှယ် Mr. YoheiSasakawa တို့နှင့် တွေ့ဆုံခဲ့သည်။ (ScOffice)